# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 28 February 2023 ၁၁၀၂၅


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်အောင် အားပေးဆောင်ရွက်**

# MSME လုပ်ငန်းများမှထွက်ရှိသည့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရန်အတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးလျက်ရှိပြီး ထုတ်ကုန်များတင်ပို့နိုင်ရေး ကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား စစ်တွေမြို့ ဦးဥတ္တမ ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများအား ကြည့်ရှုလေ့လာစဉ်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရခိုင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာ အချက်အလက်များ၊ အသေးစား၊ အငယ်စားနှင့်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ယနေ့ ဖတ်စရာ

**MSME ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေး**

ဆောင်းပါး
စာမျက်နှာ » ၆

**ရေဝပ်ဒေသများတည်တံ့ဖို့ ခုချိန်ကစ ပြန်လည်တည်ထောင် ထိန်းသိမ်းစို့**

စာမျက်နှာ » ၁၀



**ဧရာဝတီတိုင်းဒေသကြီး၏ ပြည်ပပို့ကုန် သီဟိုဠ်စေ့ကွက်ဈေးအနည်းငယ် မြင့်တက်**

စာမျက်နှာ » ၂၀

## ကြေးမုံ

# နိုင်ငံတော်ရည်မှန်းချက်များ လက်တွေ့ဖော်ဆောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်သည် နိုင်ငံတော်၏ ပကတိအခြေအနေများအပေါ်မူတည်၍ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားဖြစ်ထွန်းလာရေးကို ရှေးရှုချမှတ်ဖော်ဆောင်နေသောလုပ်ငန်းစဉ်များဖြစ်သည်။ နိုင်ငံကိုတာဝန်ယူဆောင်ရွက်နေသောကာလအတွင်း အစ၊ အလယ်၊ အဆုံးသုံးပါးစလုံးအတွက် မမိုတ်မသုန်ခံယူဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များဖြစ်သည်။

ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေးကို အချိန်အခါမလင့် နှေးဖင့်မနေဘဲ တက်စုံရွက်ကုန်ဖွင့်၍ အားလုံးတစ်စိတ်တစ်ဝမ်းတည်း လက်တွဲပူးပေါင်းဆောင်ရွက်ကြမှသာ ပန်းတိုင်သို့ရောက်ရှိမည်ဖြစ်သည်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်၍ ပြည်သူများပူးပေါင်းပါဝင်မြှင့်တင်ပေးနိုင်မှသာ နိုင်ငံအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်သည်။ ပြည်သူတို့၏လူမှုစီးပွားဘဝများကို မြှင့်တင်ဆောင်ရွက်ပေးရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေသဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အပြည့်အဝရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို စတင်ဖွဲ့စည်းစဉ်ကပင် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်း၍ ရှေ့လုပ်ငန်းစဉ်၊ ဦးတည်ချက်များနှင့်အညီ အကောင်အထည်ဖော်ခဲ့ပြီး လက်ရှိအခြေအနေနှင့် ထင်ဟပ်ကိုက်ညီစေမည့် ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်မှုများကိုလည်း တစ်ဆက်တစ်စပ်တည်း ပြုလုပ်လျက်ရှိသည်။ လက်ရှိအခြေအနေတွင် အချို့ဒေသများ၌ တည်ငြိမ်အေးချမ်းမှု လိုအပ်ချက်များရှိနေသေး၍ အချို့မြို့နယ်များတွင် စစ်အုပ်ချုပ်ရေးအမိန့်များထုတ်ပြန်ပြီး တည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ခြင်းသည် ပြည်သူများအား ထိန်းချုပ်ကန့်သတ်ခြင်းမဟုတ်ဘဲ ဒေသခံပြည်သူလူထု အကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင်လုပ်ဆောင်နေကြသည့် အကြမ်းဖက်သမားများအား ထိထိရောက်ရောက်ဆောင်ရွက်နေခြင်းဖြစ်သည်။

တည်ငြိမ်အေးချမ်းမှုသည် ပြည်သူလူထု လူမှုစီးပွားဘဝနှင့် တိုက်ရိုက်သက်ဆိုင်နေသဖြင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လိုအပ်သည့်ဒေသများတွင် ပိုမိုအလေးထားဆောင်ရွက်လျက်ရှိသည်။ ရှေ့လုပ်ငန်းစဉ် တတိယအချက်ဖြစ်သည့် “စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်” ဆိုသည့် အချက်သည် တိုင်းရင်းသားပြည်သူအားလုံး၏ မျှော်လင့်ချက်ဖြစ်သည်။ ပြည်ထောင်စုတည်ဆောက်ရေးတွင် ထိုစနစ်သည် အသင့်မြတ်ဆုံးဖြစ်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် လျော်ကန်သင့်မြတ်သည့် အုပ်ချုပ်ရေးအာဏာကို မဖြစ်မနေခွဲဝေပေးရမည်ဟု နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည်။ ဖက်ဒရယ်အုပ်ချုပ်ရေးဆိုသည်မှာ အာဏာခွဲဝေကျင့်သုံးခြင်းဖြစ်သည်။ ဖက်ဒရယ်ဆိုင်ရာလုပ်ပိုင်ခွင့်ကို ယခုကာလတွင်ပင် အကောင်အထည်ဖော်နိုင်သမျှ ဆောင်ရွက်သွားမည်ဟု သိရသည်။

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် ထိရောက်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း၊ တရားမျှတသည့်လမ်းကြောင်းကို သွားနိုင်ရေးအတွက် တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပါတီစုံဒီမိုကရေစီစနစ်ကို ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးသဖြင့် ငြိမ်းချမ်းရေးကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် အပြုသဘောဆောင်သည့်ရလဒ်များကို ဖော်ဆောင်နိုင်ခဲ့ပြီးဖြစ်သည်။ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရေးအတွက် ဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

ရှေ့လုပ်ငန်းစဉ်၏ နောက်ဆုံးအချက်ဖြစ်သည့် “အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်” ဟူသောအချက်ပါရှိသည်။ ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့် မိမိတို့ဒေသ၏ အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့်လွှတ်တော်တွင် ပိုမိုပါဝင်နိုင်ရန် နိုင်ငံရေးပါတီများအတွက် လုံလောက်သည့်အချိန်တစ်ခုပေးနိုင်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# နယ်စပ်ရေးရာဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဇော်ဦးနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အရှေ့ဒဂုံမြို့နယ် အမှတ် (၁) ရပ်ကွက်ရှိ ဉာဏရိပ်မွန် ပရဟိတကျောင်းတိုက်တွင် ရဟန်း၊ သံဃာတော်များနှင့် စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။



**ဆက်ကပ်လှူဒါန်း**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများတွင် ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိတောင်ပေါက်နီးဘုရားကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ရွှေဘုန်းရိပ်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိဥက္ကလာသီရိကျောင်းတိုက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ဝိဇာတဇိမာန်မိုးကုတ်ကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ ဟသ်ာတအတွင်းပတ္တမြားပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဟိုခုံကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိမင်္ဂလာရန်အောင်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အလယ်ရွှေကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မတ္တရာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကန်ဦးဇေတဝန်ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိစိန်ပန်းပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိစွန်းလွန်းကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၇ - ၂ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၃၀၀ | ၅၅၄ | ၄,၅၉၈,၂၀၀ |
| MTSH | ၃,၀၅၀ | ၃,၁၅၀ | ၁,၈၇၃ | ၅,၇၂၅,၉၅၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၇၉ | ၅၉၂,၅၀၀ |
| FPB | ၁,၇၅၀ | ၁,၇၀၀ | ၃,၇၄၆ | ၆,၄၀၇,၄၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁၂၀ | ၃၁၂,၀၀၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၁၂၀ | ၃၁၂,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၇၀ | ၃၄၃,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၁၆.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၁.၆၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၉.၇၈၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၈.၉၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၄၀ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၁.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၅.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၃၉.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၉၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

**❖ နိုင်ငံ့စီးပွား ပြန်လည်တိုးတက်စေရေး မိမိတို့အနေဖြင့် အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

**❖ စီးပွားရေးမြှင့်တင်မှုများဆောင်ရွက်ရာတွင် ခိုင်မာသည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုသဖြင့် ဒေသတွင်းရရှိသည့် ကုန်ကြမ်းပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်**

☆ ရှေ့ဖုံးမှ

အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကူညီပံ့ပိုးမှုများဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား ကုန်ထုတ်လုပ်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်လျက်ရှိမှု၊ One Village One Product လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်မှု၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု၊ MSME လုပ်ငန်းရှင်များအတွက် ချေးငွေများထုတ်ချေးပေးထားမှုနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများ ထုတ်ပေးထားရှိမှု၊ MSME ထုတ်ကုန်ပြပွဲများ ကျင်းပပြုလုပ်လျက်ရှိမှုနှင့် ရခိုင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်အောင်ဦး၊ ရခိုင်ပြည်နယ် ဆန်စပါးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရွှေထွန်းအောင်၊ ရခိုင်ပြည်နယ် ဆီစက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်အေးမောင်၊ ရခိုင်ပြည်နယ် ဆားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများတွင် အချိန်လိုအပ်ချက်ကြောင့် အခက်အခဲရှိမှု၊ နယ်စပ်ကုန်သွယ်ရေးအတွက် ဆိပ်ခံတံတား တည်ဆောက်ပေးစေလိုမှု၊ ကုန်သွယ်မှုအတွက် ရာသီမရွေးသွားလာနိုင်သည့် ကားလမ်းများဖောက်လုပ်ပေးစေလိုမှု၊ ကမ်းရိုးတန်းသွား ကုန်သွယ်ရေးသင်္ဘောများပြေးဆွဲပေးစေလိုမှု၊ ဘဏ်စနစ်များကို ပြည်ပနိုင်ငံများနှင့် တိုက်ရိုက်ပေးချေဆောင်ရွက်နိုင်ရေး ရခိုင်ပြည်နယ်အတွင်း ခွင့်ပြုပေးရန် လိုအပ်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရေးအတွက် စက်မှုဇုန်များ ခွင့်ပြုဆောင်ရွက်ပေးရန်လိုအပ်မှု၊ ရခိုင်ပြည်နယ်အတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်နေမှု အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း နွေစပါးစိုက်ပျိုးမှုနည်းပါးပြီး ယခုအခါ တောင်သူများအနေဖြင့် နွေစပါးစိုက်ပျိုးလိုမှုများပြားလာခြင်းကြောင့် လိုအပ်သည့် စိုက်ပျိုးရေများရရှိအောင် ဆောင်ရွက်ပေးစေလိုမှု၊ ရခိုင်ပြည်နယ်အတွင်း ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်၊ နည်းပညာ၊ သွင်းအားစုနှင့် အခြားလိုအပ်သည်များကို နိုင်ငံတော်က ကူညီပံ့ပိုးပေးစေလိုမှု၊ ရခိုင်ပြည်နယ်အတွင်း ဆီထွက်သီးနှံများ စိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ ဆီစက်လုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် ရင်းနှီးမတည်ငွေများ လိုအပ်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း ဆားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်လုပ်နိုင်မှု၊ ဈေးကွက်လိုအပ်ချက်အရ ဆားလိုအပ်ချက်များ ပိုမိုများပြားလာသည့်အတွက် ဆားကောင်းဆားသန့်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး လိုအပ်သည့် ရင်းနှီးမတည်ငွေများ ပံ့ပိုးကူညီပေးစေလိုမှု၊ ရခိုင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သည်များ ကူညီပံ့ပိုးပေးစေလိုမှု၊ ရခိုင်ပြည်နယ်အတွင်း အများအပြား ပေါက်ရောက်ဖြစ်ထွန်းသည့် ဓနိပင်မှ အဆင့်မြင့်ထုတ်ကုန်များကို ထုတ်လုပ်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း ချည်မျှင်နှင့် ရက်ကန်းလုပ်ငန်းလုပ်ကိုင် ဆောင်ရွက်လျက်ရှိမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို တင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားသည်။

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း နယ်စပ်ဒေသကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်မှ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို ထိုက်သင့်သောအတိုးနှုန်းများဖြင့် ထုတ်ချေးပေးလျက်ရှိမှု၊ တင်ပြချက်များတွင်ပါဝင်သည့် ရင်းနှီးမတည်ငွေများကိုလည်း သတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် စနစ်တကျဆက်သွယ်ဆောင်ရွက်ပေးစေလိုမှု၊ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လျှပ်စစ်နှင့် လောင်စာဆီသုံး မြစ်ရေတင်လုပ်ငန်းများ များစွာကို ပြုလုပ်ထားရှိပြီးဖြစ်သော်လည်း စိုက်ဧက ယခုထက်ပိုမိုအကျိုးပြုနိုင်မည့် မြစ်ရေတင်လုပ်ငန်း၊ ချောင်းရေတင်လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်း ဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များ ဖွဲ့၍ လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း သစ်တောသယံဇာတများကို အကျိုးရှိစွာ ထုတ်ယူသုံးစွဲရန်နှင့် အလွန်အကျွံထုတ်ယူသုံးစွဲမှုများကြောင့် ပြုန်းတီးမှုမဖြစ်စေရေး၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမဖြစ်စေရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ရန်လည်း လိုအပ်မှု၊ အရည်အသွေးမြင့်ဆားများကို ပြည်ပမှ တင်သွင်းနေရမှုအား လျှော့ချနိုင်ရေးအတွက် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်းရှိ ဆားလုပ်ငန်းရှင်များအနေဖြင့် မိရိုးဖလာ ဆားထုတ်လုပ်မှု နည်းစနစ်များထက် နည်းစနစ်တကျ အရည်အသွေးမြင့် ဆားများ ထုတ်လုပ်သည့် နည်းစနစ်များကို အသုံးပြုကြရန် လိုအပ်မှု၊ MSME လုပ်ငန်းများအတွက် နည်းပညာလိုအပ်ချက်များအတွက် သင်တန်းများ ပို့ချပေးမည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနလက်အောက်ရှိဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ တရားမဝင်ကုန်သွယ်မှုသည် ပြည်တွင်းစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်နစ်နာစေနိုင်သည်ဖြစ်သဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြရန်လိုအပ်မှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ဆွေးနွေးပြောကြားကြသည်။

### ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားပေးဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ရေးတို့အတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများအတွက် ရင်းနှီးမတည်ငွေများ ထုတ်ပေးခဲ့ပြီး ရခိုင်ပြည်နယ်အတွက် ရန်ပုံငွေကျပ် ၁၀ ဘီလီယံကို ထုတ်ပေးခဲ့ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် အားပေးဆောင်ရွက်ကြရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ရပြီး ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမှုမရှိခဲ့ခြင်းကြောင့်လည်း အခက်အခဲများ ပိုမိုတွေ့ကြုံခဲ့ရကြောင်း၊ ယခင်က မိမိတို့နိုင်ငံသည် ပြည်ပမှ ထောက်ပံ့မှုများ၊ ချေးငွေများကို အလွန်အမင်းအားကိုး၍ ရပ်တည်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားပြန်လည် တိုးတက်စေရေး မိမိတို့အနေဖြင့် အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အဓိကထား လုပ်ကိုင်ကြကြောင်း၊ စီးပွားရေးမြှင့်တင်မှုများဆောင်ရွက်ရာတွင် ခိုင်မာသည့်စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုသဖြင့် ဒေသတွင်းရရှိသည့် ကုန်ကြမ်းပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ စီးပွားရေးမှာ

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

နိမ့်ကျလျက်ရှိသဖြင့် ၎င်းတို့၏ လူမှုဘဝ တိုးတက်စေရေး ကျေးလက်ကို အခြေခံသည့် စီးပွားရေးကိုဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း။

**ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အားပေးခြင်းသည် နိုင်ငံ့စီးပွား မြှင့်တင်ရေးကို အားပေးခြင်းပင်ဖြစ်**

ပြည်တွင်းစီးပွားရေး တိုးတက်ရန်အတွက် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အသုံးပြုရမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးခြင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အားပေးခြင်းပင်ဖြစ်ကြောင်း၊ တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်ခြင်းသည် အလုပ်အကိုင် အခွင့်အလမ်းများကို ပေါ်များလာစေမည်ဖြစ်ပြီး ငွေကြေးလည်ပတ်မှုများလည်း ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများမှ ထွက်ရှိသည့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရန်အတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးလျက်ရှိပြီး ထုတ်ကုန်များတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

**ဒေသထွက်ကုန်များနှင့် သယံဇာတများကို အကျိုးရှိရှိအသုံးချပြီး ဒေသနှင့် ဒေသခံများ၏ အကျိုးစီးပွား တိုးတက်စေမည်**

ရခိုင်ပြည်နယ်သည် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီး သဘာဝသယံဇာတများလည်း များစွာကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ရော်ဘာကုန်ကြမ်းများ များစွာထွက်ရှိသဖြင့် ရော်ဘာကိုအခြေခံသည့်တန်ဖိုးမြှင့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းသုံးစွဲမှုကို အထောက်အကူပြုမည်ဖြစ်ပြီး ပိုလျှံသည်များကိုလည်း ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်း၌သုံးစွဲမှုများသည့် မော်တော်ကားတာယာနှင့် မော်တော်ဆိုင်ကယ် တာယာကဲ့သို့သော ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှလည်း သားရေများထုတ်လုပ်၍ရနိုင်ပြီး ရော်ဘာနှင့် သားရေကိုအခြေခံသည့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် လိုအပ်သည့်စက္ကူများကို နှစ်စဉ်ပြည်ပမှ တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများစွာ သုံးစွဲရလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်း စက္ကူပျော့ဖတ်များထုတ်လုပ်နိုင်သည့် အခြေခံကုန်ကြမ်းဖြစ်သော ဝါးများ ရှိပြီးဖြစ်သဖြင့် စနစ်တကျဖြင့် အသုံးပြုကြစေလိုကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ်အတွင်း အုန်းပင်များ များစွာဖြစ်ထွန်းပေါက်ရောက်သဖြင့် အုန်းနှင့် အုန်းထွက်ပစ္စည်းများကို အောင်မြင်စွာထုတ်လုပ်နိုင်ကြောင်း၊ ပြည်နယ်အတွင်းရှိနေသည့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ စက်မှုထုတ်ကုန်များကို ထုတ်လုပ်ခြင်းဖြင့်ဒေသအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုများအတွက် သွင်းအားစုများ မဖြစ်မနေလိုအပ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သဘာဝဓာတ်မြေသြဇာများရရှိရေး မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် တိရစ္ဆာန်များ၏ စွန့်ပစ်ပစ္စည်းများမှတစ်ဆင့် ဇီဝမြေသြဇာများရရှိစေမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စုပေါင်းသမဝါယမစနစ်ဖြင့် စနစ်တကျ မွေးမြူဆောင်ရွက်နိုင်မည်ဆိုပါက ပိုမိုအောင်မြင်ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း။

**ပညာရေး အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်ကို တည်ဆောက်**

မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ လူသားလျှင်ပဓာနဖြစ်ကြောင်း၊ လူ၏ကြိုးစားအားထုတ်မှုဖြင့်သာ လုပ်ငန်းများအောင်မြင်နိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အရည်အသွေးမြင့်မားသော လူသားအရင်းအမြစ်များရရှိစေရေး ပညာရေးကိုအားပေးရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အားနည်းမှုများရှိခဲ့သဖြင့် ပညာရည်မြင့်မားရေး၊ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ များစွာပေါ်ထွန်းလာရေး ပညာရေးကိုအားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခင်က ရခိုင်ပြည်နယ်၏ပညာရေးမှာ မြင့်မားခဲ့သည်ကို တွေ့ရှိရသော်လည်း နောက်ပိုင်းတွင် ကျဆင်းမှုများ ရှိခဲ့ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုများ နည်းပါးခြင်းကြောင့်ဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ ပညာရေးအားနည်းမှုများသည် လုပ်ငန်းကျွမ်းကျင်မှုရှိသည့် လုပ်သားများဖြစ်သည့် ကျွမ်းကျင်လုပ်သား(Skill Labour)အရင်းအမြစ်များကိုနည်းပါး စေခဲ့ကြောင်း၊ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်လည်း များစွာနောက်ကျကျန်ခဲ့ရသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံ၏ ပညာရေးသည် မဖြစ်မနေအားပေးမြှင့်တင်ဆောင်ရွက်ရမည်ကို သတိပြုဖွယ် တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပြည်တွင်းစီးပွားရေးနှင့် ပြည်တွင်း ပညာရည်မြင့်မားရေးကို မိမိတို့အနေဖြင့်အလေးထား အားပေးဆောင်ရွက်လျက်ရှိကြောင်း။

လူသားအရင်းအမြစ် လိုအပ်ချက်နှင့်ပတ်သက်၍ တက္ကသိုလ်များ၊ ကောလိပ်များ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ဒေသအလိုက် ကျောင်းသားမိဘများနှင့် တာဝန်ရှိသူများအနေဖြင့် မိမိတို့၏ သားသမီးများ ပညာတတ်များဖြစ်စေရေး ပညာရေးကိုအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပညာတတ်များဖြစ်မှသာလျှင် ၎င်းတို့၏ လူမှုဘဝရပ်တည်မှုများ မြင့်မားနိုင်မည်ဖြစ်သဖြင့် ကောင်းမွန်သည့် ပညာအမွေများပေးနိုင်ရေး မိဘများအနေဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပညာတတ်များ ပေါ်များမှသာ နိုင်ငံတော်အတွက်လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများ ရရှိမည်ဖြစ်သဖြင့် ကျောင်းသားမိဘများ၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အလေးထားအားပေး ဆောင်ရွက်ကြစေလိုကြောင်း။

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး**

ရခိုင်ပြည်နယ်သည် ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းများအတွက် အခြေခံကောင်းများ ရှိပြီးဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများတိုးတက်လာမည်ဆိုပါက ဒေသထွက်အစားအစာများနှင့် အသုံးအဆောင်များကို ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ရောင်းချနိုင်ရန်အတွက် ကုန်ပစ္စည်းထုတ်လုပ်မှုများကို ဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်စေရန်နှင့် ထုပ်ပိုးမှုများကို အဆင့်မီအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ခရီးသွားများကို ဆွဲဆောင်နိုင်ရန်အတွက် မိမိတို့ဒေသသန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပမှသာ မျက်စိပသာဒဖြစ်စေမည်ဖြစ်ကြောင်း။

**ဒေသတည်ငြိမ်အေးချမ်းမှသာ ကောင်းမွန်သည့် အနာဂတ်ကို လက်ဆင့်ကမ်းနိုင်မည်**

နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်သင့်သည်များကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ **ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရှိပါက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလို**ကြောင်း၊ နိုင်ငံတော်မှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲ ပြန်လည်ကျင်းပချိန်တွင် ရခိုင်ပြည်နယ်လုံးကျွတ် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ **ရခိုင်ပြည်နယ် ထာဝရငြိမ်းချမ်းစေရေး ဆောင်ရွက်နိုင်မှသာလျှင် ဒေသခံနောင်လာနောက်သားများကို ကောင်းမွန်သည့် အနာဂတ်ဘဝများ လက်ဆင့်ကမ်းနိုင်မည်ဖြစ်ပြီး ဒေသသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်မည်ဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးရည်မှန်းချက်များ၊ စီးပွားရေးရည်မှန်းချက်များ ချမှတ်၍ ဆောင်ရွက်လျက်ရှိပြီး အဆိုပါရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်သည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ **ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက်လည်း ရခိုင်ပြည်နယ်တွင် လာရောက်တာဝန်ထမ်းဆောင်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်** ကြစေလိုကြောင်း ဆွေးနွေးတိုက်တွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ရေထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှု ထုတ်ကုန်များ၊ အဝတ်အထည်များ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ရေထွက်ကုန်ပစ္စည်းများအား ကြည့်ရှုလေ့လာစဉ်။

- ❖ **ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရှိပါက ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလို**
- ❖ **ရခိုင်ပြည်နယ် ထာဝရငြိမ်းချမ်းစေရေးဆောင်ရွက်နိုင်မှသာလျှင် ဒေသခံနောင်လာနောက်သားများကို ကောင်းမွန်သည့် အနာဂတ်ဘဝများ လက်ဆင့်ကမ်းနိုင်မည်ဖြစ်ပြီး ဒေသသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်မည်**
- ❖ **ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက်လည်း ရခိုင်ပြည်နယ်တွင် လာရောက်တာဝန်ထမ်းဆောင်ကြသည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ရှင်းလင်းတင်ပြစဉ်။

# ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်းသည် ရခိုင်ပြည်နယ်အတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်သည့် စီမံကိန်းတစ်ခုဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ကုန်စည်စီးဆင်းမှုများကို ပိုမိုလျင်မြန်စေမည်

**ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း ဆောင်ရွက်ပြီးစီးပါက မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်မှုအခွင့်အလမ်းပိုမိုရရှိစေခြင်း၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ ပေါ်ပေါက်လာပြီး အိန္ဒိယနိုင်ငံနှင့်သာမက အခြားနိုင်ငံများနှင့်ပါ တိုက်ရိုက်ကုန်သွယ်နိုင်ခြင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေခြင်း၊ ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေခြင်း၊ ဒေသခံများအနေဖြင့် ရေကြောင်းသွားလာမှုကိုအခြေခံသော ကမ္ဘာလှည့်ခရီးသွားများနှင့်ပတ်သက်သည့် အခွင့်အလမ်းများ ရရှိလာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်**

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းက ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက စီမံကိန်းဖြစ်ပေါ်လာသည့် အခြေအနေများနှင့် စီမံကိန်းတွင်ပါဝင်သည့် လုပ်ငန်းများ၊ ကုလားတန်ဆိပ်ခံတံတားဆိုင်ရာ အချက်အလက်များနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ရုံးနှင့်ဆက်စပ်အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ စက်ယန္တရားများနှင့် မြစ်တွင်းသွားသယ်ယူပို့ဆောင်ရေးယာဉ်များ ရောက်ရှိမှု၊ ပလက်ဝပြည်တွင်းရေကြောင်းဆိပ်ကမ်းတည်ဆောက်ပြီးစီးမှု၊ ရေလမ်းကြောင်း သောင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပလက်ဝမှ မြန်မာ-အိန္ဒိယနယ်စပ်အထိ အဝေးပြေးကားလမ်း ဖောက်လုပ်ရန် ဆောင်ရွက်နေမှု၊ အပြည်ပြည်ဆိုင်ရာ အကောက်ခွန်ဆိပ်ကမ်းအဖြစ် သတ်မှတ်ဆောင်ရွက်ခြင်း၊ ပြည်တွင်းဆိပ်ကမ်းအဖြစ် သတ်မှတ်ရန် ဆောင်ရွက်လျက်ရှိမှု၊ စီမံကိန်းပြီးစီးပါက ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းသည် ရခိုင်ပြည်နယ်အတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်သည့် စီမံကိန်းတစ်ခုဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ကုန်စည်စီးဆင်းမှုများကို ပိုမိုလျင်မြန်စေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံသည် ကောင်းမွန်သည့် ဆက်ဆံရေးသမိုင်းကြောင်းရှိပြီး အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံဖြစ်ကြောင်း၊ ယခုစီမံကိန်းသည် နှစ်နိုင်ငံကူးလူးဆက်သွယ်မှု၊ ကုန်သွယ်မှုကို ပိုမိုတိုးမြှင့်လာစေနိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံလုံးအတွက် မဟာဗျူဟာအရ အရေးကြီးသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပလက်ဝဒေသအပါအဝင် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ ဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ကုလားတန်မြစ်ကြောင်းတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီမံကိန်းအမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားပြီးတက်ရောက်လာကြသူများနှင့် စီမံကိန်းဆိုင်ရာများကို အပြန်အလှန်ဆွေးနွေးသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုရာ စစ်တွေမြို့ဆိုင်ရာ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Bibekananda Bhattamishra နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်ဆွေးနွေးမှာကြားသည်။

အဆိုပါ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း ဆောင်ရွက်ပြီးစီးပါက မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်မှုအခွင့်အလမ်း ပိုမိုရရှိစေခြင်း၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ ပေါ်ပေါက်လာပြီး အိန္ဒိယနိုင်ငံနှင့်သာမက အခြားနိုင်ငံများနှင့်ပါ တိုက်ရိုက်ကုန်သွယ်နိုင်ခြင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေခြင်း၊ ဒေသခံပြည်သူများအား အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေခြင်း၊ ဒေသခံများအနေဖြင့် ရေကြောင်းသွားလာမှုကို အခြေခံသော ကမ္ဘာလှည့်ခရီးသွားများနှင့် ပတ်သက်သည့် အခွင့်အလမ်းများ ရရှိလာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

# MSME ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေး

သုတဇော် (MSME)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြောင်းလဲနေသော ခေတ်စနစ်နှင့်အညီ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစသည့်ကဏ္ဍများ၏ တိုးတက်ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၂) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြဋ္ဌာန်းပြီးသည့် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ

ထိုသို့အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိရာတွင် စက်မှုဝန်ကြီးဌာနအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်လျက်ရှိပြီး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင်လည်းကောင်း၊ ဥပဒေကို ၂၀၁၅ ခုနှစ် ဧပြီလတွင်လည်းကောင်း၊ နည်းဥပဒေကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင်လည်းကောင်း ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ဒေသတွင်းစီးပွားရေးကွန်ရက်အတွင်း၌ တီထွင်ဆန်းသစ်မှုနှင့် ယှဉ်ပြိုင်မှုစွမ်းရည်ကောင်းများမြင့်မားလာပြီး နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးများ ရရှိရန်အတွက် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနက ပံ့ပိုးကူညီ ဆောင်ရွက်လျက်ရှိသည်။

### MSME ဖွံ့ဖြိုးတိုးတက်ရေးဌာန၏ နောက်ခံသမိုင်းအကျဉ်း

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန ဖွဲ့စည်းခဲ့မှုအကြောင်းကို အကျဉ်းအားဖြင့် တင်ပြချင်ပါသည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်စေရေး ဆောင်ရွက်ရာတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကမောင်းနှင်အား တစ်ခုဖြစ်သည့်အတွက် ကာလတို၊ ကာလရှည်မျှော်မှန်းချက်များဖြင့် စနစ်တကျဆောင်ရွက်သွားရန် ၂၀၁၂ ခုနှစ် ဧပြီလ ၄ ရက်နေ့မှစ၍ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ရန်ကုန်မြို့တွင် ဖွင့်လှစ်၍ ဆောင်ရွက်ခဲ့သည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်စေရန် ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို မူဝါဒနှင့်ပြည်ပရေးရာဌာန၊ နည်းပညာနှင့် ဈေးကွက်မြှင့်တင်ရေးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းညှိနှိုင်းရေးဌာနခွဲ သုံးခုဖြင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနလက်အောက်သို့ သွတ်သွင်းလျက် နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ရုံးနှင့် ခရိုင်ရုံးခွဲ ၃၅ ရုံးဖြင့် ဖွဲ့စည်းခဲ့သည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ အဖွဲ့များသည် Small နှင့် Medium Enterprises လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသာမက Micro Enterprises လုပ်ငန်းများကိုလည်း လက်တွဲခေါ်ယူ၍ နည်းပညာလွှဲပြောင်းပေးခြင်း၊ Trade Fair များတွင် ဖိတ်ခေါ်ပြသခြင်း၊ ဒေသတွင်းထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲများပြုလုပ်၍ ဆုများချီးမြှင့်ပေးခြင်း၊ Micro လုပ်ငန်းများမှ Small နှင့် Medium လုပ်ငန်းများအဖြစ် တိုးတက်ရောက်ရှိရန် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ထို့အဖွဲ့အစည်းများတွင် Micro လုပ်ငန်းများပါထည့်သွင်းသုံးစွဲခွင့်ပြုမှုအရ ၂၀၁၈ ခုနှစ်တွင် Micro, Small and Medium Enterprises (MSME)– အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဟု ခေါ်ဝေါ်သုံးစွဲလာခြင်းဖြစ်သည်။

ယခုအချိန်တွင် နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ရုံးနှင့် ခရိုင်ရုံးခွဲ ၄၀ အထိ တိုးချဲ့ဖွဲ့စည်း၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

### MSME ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်မှုများ

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အေဂျင်စီ၏ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များ အစည်းအဝေးများဆောင်ရွက်ခြင်း၊MSME ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၊ MSME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ MSME ဖွံ့ဖြိုးတိုးတက်ရေး နည်းဥပဒေများအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များရေးဆွဲခြင်း၊ အာဆီယံအသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ASEAN Coordinating Committee on Micro, Small and Medium Enterprise – ACCMSME) ဆိုင်ရာကိစ္စရပ်များအား ပါဝင်ဆောင်ရွက်ခြင်းနှင့် MSME နှင့်ပတ်သက်သော သတင်းအချက်အလက်များဖြန့်ဝေခြင်း၊ အာဆီယံနိုင်ငံများမှ အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ MSME ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ညှိနှိုင်းပေးခြင်း၊ ပြည်ပအဖွဲ့အစည်းများ၏မေးမြန်းချက်များ၊ ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များအတွက် ညှိနှိုင်းဆွေးနွေးပြီး ရလဒ်များကိုတင်ပြ၍ အတည်ပြုချက်ရယူနိုင်ရေးဆောင်ရွက်ခြင်း၊ MSME ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ Project၊ Training၊ Seminar ကျင်းပရေးကိစ္စရပ်များ စီစဉ်ဆောင်ရွက်ခြင်း၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ MSME များ လိုအပ်သောလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုများရရှိရန် သင်တန်းများပေးခြင်း၊ နည်းပညာများပေးခြင်း၊ E–Market Platform များထူထောင်ပေးခြင်း၊ International Supply Chain အတွင်း ဝင်ရောက်နိုင်အောင်ပံ့ပိုးပေးခြင်း၊ SME Member ကတ်များ ထုတ်ပေးခြင်း၊ MSME များ ငွေကြေးအရင်းအနှီးလွယ်ကူသက်သာစွာရရှိနိုင်ရေးအတွက် ချေးငွေဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၊ အစိုးရဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် ညှိနှိုင်းချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည့် စီမံကိန်းများထဲမှ တစ်ခုအပါအဝင်ဖြစ်သည့် မဲခေါင်–လျန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် “ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအတွက် ဆန်းသစ်တီထွင်မှုနှင့် လူငယ်စွန့်ဦးတီထွင်မှုများဆိုင်ရာ နှီးနှောဖလှယ်ပွဲ” (**Seminar On Innovation and Young Entrepreneurship for Regional Develop–ment)** အကြောင်းကို ထုတ်နုတ်တင်ပြလိုပါသည်။

### ပထမအကြိမ်နှီးနှောဖလှယ်ပွဲ

ပထမအကြိမ်နှီးနှောဖလှယ်ပွဲကို Mekong–Lancang Coopreation Special Fund (၂၀၁၈) ဒုတိယအသုတ်အရ “**Seminar On Innovation and Young Entrepreneurship for Regional Development**” ကို အာဆီယံဒေသတွင်း လူငယ်စွန့်ဦးတီထွင်သူများအကြား ဆွေးနွေးပွဲများမှတစ်ဆင့် စွန့်ဦးတီထွင်မှုဆိုင်ကိစ္စရပ်များ သိရှိနိုင်ရန်၊ ဒေသတွင်းနိုင်ငံများဖြစ်သည့် တရုတ်အပါအဝင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ လူငယ်စွန့်ဦးတီထွင်သူများ အချင်းချင်း ချိတ်ဆက်မိစေရန်၊ မဲခေါင်–လျန်ချန်းဒေသတွင်းနိုင်ငံများ၏ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအချင်းချင်း အသိပညာဝေမျှနိုင်ရန်၊ E–market place ကဲ့သို့သော နည်းပညာများကို အသုံးပြုပြီး ဆန်းသစ်တီထွင်မှုအလေ့အထများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဈေးကွက်ကို လွယ်ကူလျင်မြန်စွာ ချိတ်ဆက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မဲခေါင်ဒေသတွင်းရှိ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် နိုင်ငံအသီးသီးတို့ရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ် ၁၀၀ ခန့် ပါဝင်တက်ရောက်ခဲ့သည့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအတွက် ဆန်းသစ်တီထွင်မှုနှင့် လူငယ်စွန့်ဦးတီထွင်မှုများဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့မှ စက်တင်ဘာလ ၁ ရက်နေ့အထိ နေပြည်တော် Park Royal Hotel နှင့် ပုဂံမြို့တို့တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည်။ ဆန်းသစ်တီထွင်မှုအမျိုးအစားအနက်မှ

စာမျက်နှာ ၇ သို့ ●

**“ဒုတိယအကြိမ်နှီးနှောဖလှယ်ပွဲ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းဖြင့် ဆောင်ရွက်မည့်လူငယ်စွန့်ဦးတီထွင်ခြင်းနှင့် ဆန်းသစ်တီထွင်ခြင်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဒေသတွင်းနှီးနှောဖလှယ်ပွဲအား Hybrid စနစ်ဖြင့် ၂၂-၇-၂၀၂၂ ရက်နေ့မှ ၂၄-၇-၂၀၂၂ ရက်နေ့အထိ စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ မဲခေါင်ဒေသမှ လူငယ်လုပ်ငန်းရှင် ၁၆ ဦးမှာ Virtual (online)ဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြပြီးမြန်မာနိုင်ငံမှ လူငယ်လုပ်ငန်းရှင် ၃၀၊ ပြည်ထောင်စုဝန်ကြီးရုံးဦးစီးဌာနလုပ်ငန်းများမှ ကိုယ်စားလှယ် ၃၉ ဦး စုစုပေါင်း ၆၉ ဦးတို့မှာ Physical ဖြင့် တက်ရောက်ခဲ့ကြ”**

# ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ်ညှော့ခံပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ထိုင်းဘုရင့် တပ်မတော်နေ့ အထိမ်းအမှတ်ညှော့ခံပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိနိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ ညှော့ခံပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုင်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများ၊ စစ်သံမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသော ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုင်နှင့် ဇနီး၊ တပ်မတော် အရာရှိကြီးများနှင့် ဖိတ်ကြားထားသော ညှော့သည်တော်များအား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Mongkol Visitstump၊ (ကြည်း၊ ရေ၊ လေ) စစ်သံမှူးများနှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ထိုင်းနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ထိုင်းဘုရင့် တပ်မတော်နေ့ အထိမ်းအမှတ် မှတ်တမ်း ဗီဒီယိုကို ပြသပြီး သံအမတ်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုင်နှင့် စစ်သံမှူးတို့သည် ထိုင်းဘုရင့်တပ်မတော်နေ့အထိမ်းအမှတ်ကိတ်အား လှီးဖြတ်ပေးကြကာ အခမ်းအနားတက်ရောက်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးတို့က အခမ်းအနား တက်ရောက်လာသူများကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

● စာမျက်နှာ ၆ မှ

လူ့စွမ်းအားအရင်းအမြစ်ကို ဦးတည်သောဆန်းသစ်တီထွင်မှု (Human Centered Innovation) များ ဆောင်ရွက်နိုင်ရေးနှင့် MSMEများ Digital စနစ်ကျယ်ပြန့်စွာအသုံးပြုနိုင်ရေးတို့ကို စာတွေ့လက်တွေ့ သင်ကြားဆွေးနွေးခဲ့ကြသည်။ ဆန်းသစ်တီထွင်မှု အမျိုးအစား ၁၀ မျိုးအနက် ပထမအကြိမ်ဆွေးနွေးပွဲတွင် အမြတ်ပုံစံ (Profit Model)၊ ကွန်ရက် (Network)၊ ဖွဲ့စည်းပုံ (Structure)၊ လုပ်ငန်းစဉ် (Process)၊ ထုတ်လုပ်မှုစွမ်းရည် (Product Performance)၊ ထုတ်ကုန်စနစ် (Product System) စသည့်ခြောက်မျိုးနှင့် စပ်လျဉ်းသည့်အကြောင်းများ ဆွေးနွေးသင်ကြားပေးခဲ့သည့်အပြင် တက်ရောက်လာသည့် မဲခေါင်ဒေသတွင်းရှိ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား ရှေးဟောင်းယဉ်ကျေးမှုမြို့တော် ပုဂံမြို့ရှိ အထင်ကရနေရာများနှင့် MSME လုပ်ငန်းများသို့ လေ့လာနိုင်ရန်အတွက် လေ့လာရေးခရီးစဉ်ကိုလည်း စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

**ဒုတိယအကြိမ်နှီးနှောဖလှယ်ပွဲ**

ဆက်လက်၍ ဒုတိယအကြိမ် နှီးနှောဖလှယ်ပွဲ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းဖြင့် ဆောင်ရွက်မည့် လူငယ်စွန့်ဦးတီထွင်ခြင်းနှင့် ဆန်းသစ်တီထွင်ခြင်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဒေသတွင်းနှီးနှောဖလှယ်ပွဲအား Hybrid စနစ်ဖြင့် ၂၂-၇-၂၀၂၂ ရက်နေ့မှ ၂၄-၇-၂၀၂၂ ရက်နေ့အထိ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ မဲခေါင်ဒေသမှ လူငယ်လုပ်ငန်းရှင် ၁၆ ဦးမှာ Virtual (online)ဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံမှ လူငယ်လုပ်ငန်းရှင် ၃၀၊ ပြည်ထောင်စုဝန်ကြီးရုံးဦးစီးဌာန လုပ်ငန်းများမှ ကိုယ်စားလှယ် ၃၉ ဦး စုစုပေါင်း ၆၉ ဦးတို့မှာ Physical ဖြင့်တက်ရောက်ခဲ့ကြသည်။

ဝန်ဆောင်မှု (Service)၊ ကုန်ပစ္စည်းဖြန့်ချိရေးလမ်းကြောင်း (Marketing Channel)၊ ကုန်အမှတ်တံဆိပ် (Brand)၊ ဝယ်ယူသူနှင့် ချိတ်ဆက်မှု (Customer Engagement) တို့နှင့် ပတ်သက်သည့်အကြောင်းအရာများကို စီးပွားရေးကျွမ်းကျင်ပညာရှင်များက ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

**တတိယအကြိမ်နှီးနှောဖလှယ်ပွဲ**

ဒုတိယအသုတ် (၂၀၁၈)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် တတိယအကြိမ်မြောက် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအတွက် ဆန်းသစ်တီထွင်မှုနှင့် လူငယ်စွန့်ဦးတီထွင်မှုများဆိုင်ရာ နှီးနှောဖလှယ်ပွဲနှင့် ထုတ်ကုန်ပြပွဲ "Hybrid Seminar on Innovation & Young Entrepreneur-ship for Regional Development & Product Show" အခမ်းအနားကို ၂၆-၁၁-၂၀၂၂ ရက်နေ့မှ ၂၈-၁၁-၂၀၂၂ ရက်နေ့အထိ နေပြည်တော်ရှိ Grand Aster Villa တွင် ကျင်းပပြုလုပ်ပေးခဲ့ရာ ဒေသအသီးသီးရှိ MSME လုပ်ငန်းရှင် ၁၀၅ ဦးတို့က အကောင်းဆုံးပြခန်းဆုရရှိရန် မိမိတို့ထုတ်ကုန်ပစ္စည်းများအား ယှဉ်ပြိုင်ရောင်းချပေးခဲ့ကြသည်။ နှီးနှောဖလှယ်ပွဲသို့ မဲခေါင်ဒေသမှ ကိုယ်စားလှယ် ၁၅ ဦးက Virtual ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တို့မှ ကိုယ်စားလှယ်များ၊ MSME ဌာနမှတာဝန်ရှိသူများနှင့် စက်မှုဝန်ကြီးဌာနမှ အရာထမ်း ၁၀၇ ဦးက in-person ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြသည်။

နှီးနှောဖလှယ်ပွဲတွင် ဆန်းသစ်တီထွင်မှုအမျိုးအစားများဖြစ်သည့် အမြတ်ပုံစံ (Profit Model)၊ ကွန်ရက် (Network)၊ ဖွဲ့စည်းပုံ (Structure)၊ လုပ်ငန်းစဉ် (Process)၊ ထုတ်လုပ်မှုစွမ်းရည် (Product Performance)၊ ထုတ်ကုန်စနစ် (Product System)၊ ဝန်ဆောင်မှု (Service) ကုန်ပစ္စည်းဖြန့်ချိရေးလမ်းကြောင်း (Marketing Channel)၊ ကုန်အမှတ်တံဆိပ် (Brand) ဝယ်ယူသူနှင့်ချိတ်ဆက်မှု (Customer Engagement) များကို သင်ယူခဲ့ပြီးဖြစ်သည့် လုပ်ငန်းရှင်များက မိမိတို့ တီထွင်ထုတ်လုပ်ထားသည့် ထုတ်ကုန်များနှင့်ပတ်သက်ပြီး ဆွေးနွေးတင်ပြရာတွင် စီးပွားရေးကျွမ်းကျင်ပညာရှင်များက ပြုပြင်ပြောင်းလဲဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးကြသည်။ စီးပွားရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီးပွားရေးဆိုင်ရာကျင့်ဝတ်များ၊ ကိုယ်တိုင်စောင့်ထိန်းရမည့်ကျင့်ဝတ်များ၊ စီးပွားရေးဆိုင်ရာ လိုက်နာကျင့်သုံးသင့်သည့် ကိုယ်ရည်ကိုယ်သွေးဆိုင်ရာ အသိပညာများနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ အသိပညာများကို ဆွေးနွေးပြောကြားခဲ့သည်။ နှီးနှောဖလှယ်ပွဲနောက်ဆုံးနေ့တွင် ပြခန်းပြသခဲ့သည့် MSME လုပ်ငန်းရှင်များထဲမှ ပြခန်းအကောင်းဆုံးဆုငါးဆုကိုလည်းကောင်း၊ ထုတ်ကုန်များအကြောင်း တင်ဆက်ပြသည့် MSME လုပ်ငန်းရှင်များထဲမှ တင်ဆက်ပြသမှုအကောင်းဆုံးဆု တစ်ဆု၊ ဒုတိယအကောင်းဆုံးဆု တစ်ဆု၊ တတိယအကောင်းဆုံးဆု တစ်ဆုနှင့် နှစ်သိမ့်ဆု နှစ်ဆုကိုလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့သည်။

**ရရှိခဲ့သောအကျိုးကျေးဇူးများ**

ဤစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် MSME လုပ်ငန်းရှင်များသည် မဲခေါင်-လန်ချန်းဒေသမှ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအကြား စွန့်ဦးတီထွင်ဆိုင်ရာကိစ္စရပ်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာကိစ္စရပ်များ သိမြင်လာမှု၊ မဲခေါင်-လန်ချန်း ဒေသတွင်း နိုင်ငံများ၏ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအချင်းချင်း အသိပညာဝေမျှနိုင်လာမှု၊ ဆန်းသစ်သောတီထွင်မှုများကို အသုံးပြုလာခြင်းဖြင့် လူသားတို့၏ဘဝကို မြှင့်တင်ပေးနိုင်သောအခွင့်အလမ်းများတွေ့ရှိလာမှု၊ စားသုံးသူတို့၏ သဘောသဘာဝနှင့်စိတ်ကျေနပ်မှုရစေသည့် အချက်များကို သိရှိနားလည်လာမှု၊ MSME လုပ်ငန်းရှင်များအချင်းချင်းတီထွင်ဆန်းသစ်မှုဆိုင်ရာ အသိပညာများ ဖလှယ်လာနိုင်မှုနှင့် စီးပွားရေးကွန်ရက်တွင် ပိုမိုချိတ်ဆက်လာနိုင်မှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများအနေဖြင့် ဆန်းသစ်တီထွင်မှု၏ သဘောသဘာဝကို ပိုမိုထင်ရှားစွာသိရှိလာပြီး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ မျှဝေနိုင်မှုကို နက်နက်နဲနဲသိရှိခဲ့ကြသည်။ ထို့အပြင် အစိုးရ-ပုဂ္ဂလိကကဏ္ဍနှင့် အဖွဲ့အစည်းတို့မှ ဆန်းသစ်တီထွင်မှုလှုပ်ရှားမှုများ ပူးပေါင်းဆောင်ရွက်သင့်သည်ကို နားလည်သဘောပေါက်လာခြင်း၊ နှီးနှောဖလှယ်ပွဲမှ ရရှိသည့်အသိပညာများကို အသုံးပြု၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိဆောင်ရွက်နေသော လုပ်ငန်းသဘောသဘာဝနှင့် လျော်ညီသည့် ဝန်ဆောင်မှုပေးခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်ခြင်း၊ ခေတ်မီနည်းပညာများ အသုံးပြု၍ ဆန်းသစ်တီထွင်မှုအလေ့အထများ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ ပြိုင်ပွဲသဘောပြုလုပ်ခဲ့သည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် ပိုမိုစိတ်အားတက်ကြွစေပြီး ကြိုးစားအားထုတ်မှုတိုင်းသည် အောင်မြင်မှုကို ရှေးရှုနေကြောင်း လက်တွေ့ကျကျသိမြင်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိခဲ့ကြသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများက ဤကဲ့သို့စီမံကိန်းများ ပိုမိုရရှိရန် ကြိုးပမ်းအားထုတ်၍ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန်အတွက် အထောက်အပံ့ကောင်းများ ပံ့ပိုးကူညီပေးခြင်း၊ MSME ထုတ်ကုန်များ ဆန်းသစ်တီထွင်လာနိုင်စေရန်နှင့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ တိုးတက်အောင်မြင်လာစေရန် မူဝါဒလုပ်ငန်းစဉ်များကို ပြင်ဆင်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နည်းပညာ၊ ဈေးကွက်နှင့် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေးခြင်းတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးရမည်ဖြစ်သည်။

ထိုသို့ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းဖြင့် MSME လုပ်ငန်းရှင်များသည် ဆန်းသစ်သော ပြည်တွင်း/ ပြည်ပပို့ထုတ်ကုန်များ ထုတ်လုပ်လာနိုင်မည်ဖြစ်သည်။ ထုတ်ကုန်များကို E-market Platform များပေါ်တွင် ရောင်းချခြင်းဖြင့် ဈေးကွက်ဝေစု ပိုမိုရရှိလာခြင်းကြောင့် မြန်မာနိုင်ငံ၏ MSME လုပ်ငန်းများ ပိုမိုရှင်သန်အောင်မြင်လာမည်ဖြစ်သည်။ MSME လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

---

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။



## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ပဲခူး ဖေဖော်ဝါရီ ၂၇**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၄၃ သန်းဖြင့် ရွှေသူရကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် ပဲခူးမြို့နယ် ကျိုက်ကစဉ် ကျေးရွာကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းအား ပဲခူးခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၀ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၅၉ ဒသမ ၄၉၈၅ သန်းဖြင့် သန်းမင်းစံကုမ္ပဏီမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဇိုင်းဂနိုင်းကြီးကျေးရွာ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**၂၂**

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများ ထုတ်ပြန်ပြီးသည့်နောက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီ တည်ထောင်လိုသော **ရှမ်းနှင့် တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ**သည်လည်းကောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**နှင့် **ရခိုင့်ဦးဆောင်ပါတီ [Arakan Front Party (AFP)]** တို့သည်လည်းကောင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ လေးပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ကိုးပါတီဖြစ်၍ စုစုပေါင်း ၁၃ ပါတီ ဖြစ်သည်။ ယင်း ၁၃ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီငါးပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ရှစ်ပါတီဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "အရာတော်မြို့နယ်၌ ဖြစ်ပွားခဲ့သော ကျောင်းကြိုပို့ယာဉ် မိုင်းခွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နှင့် ပတ်သက်၍ လူငယ်တွေရဲ့အနာဂတ်ကို ရိုက်ချိုးနေသည့် အနာဂတ်မဲ့ အကြမ်းဖက်သမား လူငယ်များ" ခေါင်းစဉ်ဖြင့် ၁-၃-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "KNLA နှင့် PDF အကြမ်းဖက်သမားများက လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာ အတွင်းသို့ Drop Bomb များ ပစ်ချဖောက်ခွဲခဲ့၍ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိ" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်း၊ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရခိုင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် ပြည်နယ်ဦးစီးမှူးက စက်မှုမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးခဲ့မှု၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လျှပ်စစ်စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဘွိုင်လာများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်နေမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီ



ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို စနစ်တကျစစ်ဆေးရန်၊ စက်မှုလုပ်ငန်းရှင်များအနေဖြင့် ပုဂ္ဂလိကစက်မှုမှတ်ပုံတင်ပြုလုပ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်၊ သို့မှသာ စက်မှုလုပ်ငန်းရှင်များ၏ အခက်အခဲများကို သိရှိပြီး ကူညီဖြည့်ဆည်းနိုင်မည်ဖြစ်၍ အလေးထားဆောင်ရွက်ရန်၊ နိုင်ငံတော်မှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိသဖြင့် ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးပြီး ရေရှည်ရပ်တည်နိုင်အောင် အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်ပေးရန်နှင့် လိုအပ်သော နည်းပညာ၊ အရင်းအနှီးများ ရရှိအောင်ဆောင်ရွက်ပေးရန်၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေး တိုးတက်ကောင်းမွန်စေရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်ပေးရန်၊ ဝန်ထမ်းများအား လုပ်ငန်းဘာသာရပ်အလိုက် ကျွမ်းကျင်မှုရှိစေရေး လေ့ကျင့်သင်ကြားပေးရန် မှာကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့၌ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၂၇**

မော်လမြိုင်မြို့တွင် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေနှင့် လယ်ယာမြေဥပဒေတို့အရ စာချုပ်စာတမ်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ ပဉ္စမအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ KS ဟိုတယ်ခန်းမ၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

အခမ်းအနားတွင် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်)မှ ကြေးတိုင်စီမံကိန်းနှင့်သုတေသနဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ မြေယာဌာနခွဲ ညွှန်ကြားရေးမှူး ဦးသိန်းဦးတို့က စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေနှင့် လယ်ယာမြေဥပဒေတို့အရ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲအား ၂၀၁၈ ခုနှစ် စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေပြဋ္ဌာန်းပြီးနောက် အလုပ်ရုံဆွေးနွေးပွဲကို တစ်နိုင်ငံလုံးတွင် နေပြည်တော်၊ မန္တလေး၊ တောင်ကြီး၊ ရန်ကုန်နှင့် မော်လမြိုင်မြို့များတွင် ဇုန် ငါးဇုန်ခွဲ၍ ကျင်းပခြင်းဖြစ်ပြီး စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း လုပ်ငန်း၏ ရည်ရွယ်ချက်ဖြစ်သည့် လူသားများ အချင်းချင်း လိမ်လည်လှည့်ဖြားမှု မပြုလုပ်နိုင်ရေးနှင့် နိုင်ငံတော်အတွက် ထိုက်သင့်သည့် အခွန်အခများ ရရှိစေရန်အတွက် ရည်ရွယ်ကျင်းပရခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်)မှ အရာထမ်း၊ အမှုထမ်း ၈၅ ဦး တက်ရောက် ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို နှစ်ရက်ကြာ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**



# ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်

**တောင်ကြီး ဖေဖော်ဝါရီ ၂၇**

ရှမ်းပြည်နယ်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း သုံးမျိုးဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက တောင်ကြီးဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ဟိုတယ်များတွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့က ထုတ်ပြန်ထားသည့် Health and Safety Protocolနှင့်အညီ လုပ်ငန်းများလုပ်ကိုင်စေပြီး ယခုလို ဟိုတယ်များပြန်လည်ဖွင့်လှစ်ချိန်တွင် ဟိုတယ်ဝန်ထမ်းများသည် မိမိတို့ဟိုတယ်ကို လာရောက်သည့် ဧည့်သည်များကို ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရန် အထူးလိုအပ်လာမည်ဖြစ်သည့်အတွက် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က သင်တန်းဖွင့်လှစ်ရခြင်း အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။ အဆိုပါသင်တန်း သုံးမျိုးတွင်တောင်ကြီး၊အေးသာယာမှ ဟိုတယ်ဝန်ထမ်း ၇၆ ဦး တက်ရောက်ကြပြီး သင်တန်းကို တစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သက်ကြီးပုဂ္ဂိုလ်များတွေ့ဆုံနှီးနှောခြင်း အလုပ်ရုံဆွေးနွေးပွဲနှင့် လူငယ်သင်တန်းကျောင်းများမှ ဆုရရှိသည့်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သက်ကြီးပုဂ္ဂိုလ်များ တွေ့ဆုံနှီးနှောခြင်း အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သက်ကြီးဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ရန်ကုန်တိုင်းဒေသကြီး သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဝင်များ၊ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာနှင့် ဘိုးဘွားရိပ်သာများမှ ဖိတ်ကြားခံ ဘိုးဘွားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ရိပ်သာအခြေပြု၊ ရပ်ရွာအခြေပြုနှင့် နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများ ဖွင့်လှစ်ပေးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရိပ်သာအခြေပြု စောင့်ရှောက်မှုအဖြစ် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက တည်ထောင်ဖွင့်လှစ်ထားသည့် ဘိုးဘွားရိပ်သာများကို တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ အဆင့်အလိုက် ငွေကြေးထောက်ပံ့ခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် သက်ကြီးပုဂ္ဂိုလ်များ၏ စကားသံများကို နားထောင်ပြီး လိုအပ်သည့် ပံ့ပိုးမှုများ ဆောင်ရွက်နိုင်ရန်၊ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ပါဝင်ခွင့်ရသည့် အဘိုးအဘွားများအနေဖြင့် အတွေ့အကြုံများနှင့်အတူ လက်ရှိဆောင်ရွက်ပေးမှုအပေါ် အကြံပြုလိုသည့် အချက်များကို အဘိုးအဘွားတို့က ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာသော ဘိုးဘွားများက အုပ်စုများခွဲ၍ ဘိုးဘွားများနှင့်ပတ်သက်သည့် စောင့်ရှောက်မှုအစီအစဉ်များ၊ သက်ကြီးဖြစ်စဉ်နှင့် စိတ်ပိုင်းဆိုင်ရာ ဖြည့်ဆည်းပေးရမည့်အချက်များ၊ ဖြစ်ပွားတတ်သည့် ရောဂါများမှ ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်ရမည့်အချက်များ၊ ပုံမှန်ဝင်ငွေ၊ စားသောက်နေထိုင်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခွင့် စသည့်ခေါင်းစဉ်များဖြင့် အုပ်စုလိုက်ဆွေးနွေးခဲ့ကြပြီး သက်ကြီးဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးချက်များအပေါ် ခြုံငုံသုံးသပ် အနှစ်ချုပ်ဆွေးနွေးကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမျိုးသမီးကလေးများ သင်တန်းကျောင်း (မလိခ)တွင် ကျင်းပသည့် လူငယ်သင်တန်းကျောင်းများမှ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွင်း ဆုရရှိသည့် ကျောင်းသားကျောင်းသူများ ဂုဏ်ပြုဆုပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး သင်တန်းကျောင်းများအလိုက် ထူးချွန်ဆုရကျောင်းသား ကျောင်းသူများကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ မရမ်းကုန်းခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ ကျောင်းသားကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် ဗဟိုသိုလှောင်ရုံသို့ ရောက်ရှိကြရာ တိုင်းဒေသကြီးဦးစီးမှူးက တိုင်းဒေသကြီးအတွင်း ဘေးဖြစ်ပွား၊ ထောက်ပံ့ပြီးစီးမှုအခြေအနေ၊ သဘာဝဘေးကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ခရိုင်ရုံး/မြို့နယ်ရုံးများ ဖွင့်လှစ်ပြီးစီးမှု၊ ဗဟိုသိုလှောင်ရုံ ရန်ကုန်မြို့တွင်ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုး အိမ်ထောင်စု ၁၀၀၀၀ စာ သိုလှောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး RC သုံးထပ်ဆောင် တည်ဆောက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ(၂၀၂၀)ဖြင့် ဆောင်ရွက်မည့် “Teacher Exchange Program” ၏ စာတမ်းဖတ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ(၂၀၂၀)ဖြင့် ဆောင်ရွက်မည့် “Teacher Exchange Program”၏ စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ Hybrid Format စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Teacher Exchange Program သည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ (၂၀၂၀)ကပံ့ပိုးသော စီမံကိန်းများထဲမှတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သင်ကြား သင်ယူမှုနည်းစနစ်များ၊ အတွေ့အကြုံများနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို အဖွဲ့ဝင်နိုင်ငံများနှင့် အပြန်အလှန် ဖလှယ်နိုင်မည်ဖြစ်ကြောင်း၊ စာတမ်းဖတ်ပွဲကို သုံးရက်ကြာ ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ တရုတ်၊ ကမ္ဘောဒီးယားနိုင်ငံများမှ စာတမ်းများဖတ်ကြားကာ စကားဝိုင်းဆွေးနွေးပွဲများကျင်းပမည်ဖြစ်ပြီး ပညာရေးတက္ကသိုလ်မှ ပညာရှင်များလည်း တက်ရောက်ဆွေးနွေးမည်ဖြစ်သဖြင့် ပညာရေးမူဝါဒများ၊ သီအိုရီများ၊ သင်ရိုးညွှန်းတမ်းများ၊ စစ်ဆေးအကဲဖြတ်စနစ်များ၊ သင်ပြနည်းပညာများ၊ သင်ကြားသင်ယူမှုအတွေ့အကြုံများ၊ ရင်ဆိုင်ရသောစိန်ခေါ်မှုများ၊ ရရှိသောသင်ခန်းစာများနှင့် မိမိနိုင်ငံအသီးသီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပညာရေးပြုပြင်ပြောင်းလဲမှုများကို အချင်းချင်းမျှဝေခြင်းမှတစ်ဆင့် နောင်အနာဂတ်တွင် ဆရာများ အပြန်အလှန်စေလွှတ်နိုင်မည် ဖြစ်ကြောင်းနှင့် မဲခေါင်-လန်ချန်းနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုယန္တရားကို တည်ဆောက်ကာ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်ရန် အထောက်အပံ့ပေးခြင်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။




ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Dr. Zheng Zhihong က အမှာစကားပြောကြားသည်။ ဆက်လက်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေအဖွဲ့၏ ကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇေယျာထွန်းက အမှာစကားပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ပါမောက္ခများ၊ ပညာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဖိတ်ကြားထားသော ဆရာဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အခမ်းအနားကို မတ် ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၃ ခုနှစ် မတ်လ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

၁။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

၂။ မိုးရွာသွန်းမှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

၃။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ခုနစ်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

၄။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မတ်လပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့် အထက်ပိုနိုင်ပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၂ ရက်မှ ၁၈ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ခြောက်ရက်မှ ၁၁ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် တစ်ရက်မှ ငါးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မိုး/ဇလ**

# ရေဝပ်ဒေသများတည်တံ့ဖို့ ခုချိန်ကစ ပြန်လည်တည်ထောင်ထိန်းသိမ်းစို့

**သစ်တောမောင်**



### ရေဝပ်ဒေသများ

ရေဝပ်ဒေသများဆိုသည်မှာ ဒီရေကျချိန်တွင် ရေအနက် ခြောက်မီတာထက်ပိုမနက်သည့် အဏ္ဏဝါရေပြင်များအပါအဝင် ရေသေ သို့မဟုတ် စီးဆင်းနေသော ရေချို၊ ရေငန်၊ ဆားငန်ရေများ ရှိသော ယာယီ သို့မဟုတ် အမြဲတမ်းရှိနေသော သဘာဝ သို့မဟုတ် လူတို့ပြုလုပ်ဖန်တီးထားသော ရွှံ့နွံမြေ၊ သစ်ဆွေးမြေ၊ စိမ့်မြေနှင့် ရေပြင်ဧရိယာများကိုခေါ်ဆိုသည်။ ရေဝပ်ဒေသများကို ပင်လယ်ကမ်းခြေရေဝပ်ဒေသများ၊ လူတို့ပြုလုပ်ဖန်တီးထားသော ရေဝပ်ဒေသများနှင့် ကုန်းတွင်းရေချိုရေဝပ်ဒေသများဟူ၍ သုံးပိုင်းခွဲခြားထားသည်။ ရေဝပ်ဒေသများတွင် မြစ်၊ ချောင်းများ၊ အင်း၊ အိုင်၊ ကန်နှင့် ရေအောင်းလွှာများ၊ နွံအိုင်များနှင့် ရွှံ့မြေများ၊ စိုစွတ်သည့် မြက်ခင်းလွင်ပြင်များ၊ ပင်လယ်သဲသောင်ကမ်းပါးများ၊ ကမ်းလွန်ကျွန်းစုငယ်များ၊ ပင်လယ်ဝဧရိယာများနှင့် မြစ်ဝကျွန်းပေါ်ဒေသများ၊ ဒီရေရောက်ကမ်းခြေများ၊ ဒီရေတောများ၊ ကမ်းရိုးတန်းဒေသများ၊ သန္တာကျောက်တန်းများ၊ ငါးကန်၊ ပုစွန်ကန်များ၊ စပါးကွင်းများ၊ ဆားကွင်းများ၊ ဆည်ရေလှောင်တမံများ၊ ဆည်ရေသောက်ဧရိယာများ စသည့်နေရာများပါဝင်သည်။

### ရေဝပ်ဒေသများ၏ အရေးပါမှုများ

ရေဝပ်ဒေသများသည် လူသားများအတွက် အရေးပါသည့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိသည်။ အဓိကအားဖြင့် မြေဆီလွှာများအတွင်း ကာဗွန်သိုလှောင်မှု တိုးပွားပြီး ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ခြင်း၊ ရေကြီးခြင်း၊ ရေလျှံခြင်း စသည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊ ရေပျော်ငှက်များအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်း၊ ရေထုညစ်ညမ်းမှုများကို သန့်စင်ပေးခြင်း၊ ရေချိုများပံ့ပိုးပေးခြင်း၊ ငါး၊ ပုစွန်၊ ကဏန်း စသည့်ရေထွက်ပစ္စည်းများ၊ စိုက်ပျိုးရေးထုတ်ကုန်များနှင့် တိရစ္ဆာန်မွေးမြူရေးစသည့်လုပ်ငန်းများအတွက် အထောက်အပံ့ပြုပြီး စားရေရိက္ခာဖူလုံစေရန် ပံ့ပိုးပေးခြင်း၊ ခရီးသွားလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် အရေးပါခြင်း၊ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်း စသည့်အကျိုးကျေးဇူးများစွာကို ပံ့ပိုးပေးလျက်ရှိသည်။

### နိုင်ငံတကာအသိအမှတ်ပြု ရမ်ဆာရေဝပ်ဒေသများ

ရေဝပ်ဒေသများသည် နိုင်ငံတစ်နိုင်ငံချင်းစီအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာ့ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဂေဟစနစ်တည်ငြိမ်ရေးအတွက်လည်း အထူးအရေးပါသည့်အလျောက် တစ်ကမ္ဘာလုံးအဆင့် ရေဝပ်ဒေသများ ဝိုင်းဝန်းထိန်းသိမ်းကြရန်အတွက် "ရေဝပ်ဒေသများကွန်ဗင်းရှင်း (Convention on Wetlands)" ကို ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အီရန်နိုင်ငံ ရမ်ဆာမြို့ (Ramsar)၌ ဖွဲ့စည်းခဲ့သည်။ ယနေ့အချိန်အထိ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၂ နိုင်ငံရှိပြီး နိုင်ငံတကာအဆင့် အရေးပါသော ရေဝပ်ဒေသပေါင်း ၂၄၇၁ ခု၊ စုစုပေါင်းဧရိယာ ၂၅၆၁၉၂၃၅၆ ဟက်တာကို သတ်မှတ်ထိန်းသိမ်းထားလျက်ရှိသည်။ "ရမ်ဆာရေဝပ်ဒေသများ" ဟုလည်း ခေါ်ဆိုသည်။

ဇီဝဘူမိထူးခြားသည့်ဒေသအတွင်း၌သဘာဝအတိုင်းတွေ့ရသည့် သို့မဟုတ် သဘာဝနီးပါးရှိနေသည့် ထူးခြားရှားပါးသော ရေဝပ်ဒေသဖြစ်ခြင်း၊ ထူးခြားသော ဇီဝဘူမိဒေသ၏ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်အတွက် အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များကို ထောက်ပံ့ပေးသည့် ရေဝပ်ဒေသဖြစ်ခြင်း၊ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ၏အသက်ရှင်နေထိုင်မှု၌ အကောင်းဆုံးအခြေအနေကိုပေးနိုင်သောသို့မဟုတ် မတူညီသောအသက်ရှင်နေထိုင်မှု၌ ခိုလှုံခွင့်ပေးနိုင်သော ရေဝပ်ဒေသဖြစ်ခြင်း၊ ရေပျော်ငှက်ပေါင်း ၂၀၀၀၀ နှင့်အထက် ပုံမှန်ကျက်စားနိုင်သော ရေဝပ်ဒေသဖြစ်ခြင်းအပါအဝင် စံသတ်မှတ်ချက် ကိုးချက်အနက် အနည်းဆုံးတစ်ချက်နှင့် ကိုက်ညီသောရေဝပ်ဒေသများကို နိုင်ငံတကာအသိအမှတ်ပြု ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရေဝပ်ဒေသများအားလုံးကို အကျိုးရှိစွာ စနစ်တကျအသုံးချခြင်း၊ နိုင်ငံတကာအဆင့်အရေးပါသည့် ရေဝပ်ဒေသများ (ရမ်ဆာရေဝပ်ဒေသများ)ကို ထိန်းသိမ်းခြင်းနှင့် နိုင်ငံတကာပူးပေါင်းမှုများဖြင့် နယ်နိမိတ်ထိစပ်လျက်ရှိသော ရေဝပ်ဒေသများ၊ အဆိုပါရေဝပ်ဒေသများရှိ သားငှက်တိရစ္ဆာန်မျိုးစိတ်များ၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ရမ်ဆာရေဝပ်ဒေသကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် စတင်ပါဝင်ခဲ့ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ရေဝပ်ဒေသများစီမံအုပ်ချုပ်သည့်အဖွဲ့အစည်း (Administrative Authority)အဖြစ် ရေဝပ်ဒေသထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံတွင် ရမ်ဆာရေဝပ်ဒေသများကို တည်ထောင်ထိန်းသိမ်းလျက်ရှိရာ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၂၀၀၄ ခုနှစ်၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၂၀၁၆ ခုနှစ်၊ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၂၀၁၇ ခုနှစ်၊ မုတ္တမပင်လယ်ကွေ့ဒေသ (မွန်ပြည်နယ်အပိုင်း)ကို ၂၀၁၇ ခုနှစ်၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၂၀၁၈ ခုနှစ်၊ နံ့သာကျွန်းနှင့် မေယုမြစ်ဝဒေသကို ၂၀၂၀ ပြည့်နှစ်တို့တွင် နိုင်ငံတကာအသိအမှတ်ပြု ရမ်ဆာရေဝပ်ဒေသများအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတကာအသိအမှတ်ပြု ရေဝပ်ဒေသစုစုပေါင်းဧရိယာ ၂၇၈၆၉၇ ဟက်တာကျော်ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

> **"ရေဝပ်ဒေသများသည် နိုင်ငံတစ်နိုင်ငံချင်းစီအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာ့ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဂေဟစနစ်တည်ငြိမ်ရေးအတွက်လည်း အထူးအရေးပါသည့်အလျောက် တစ်ကမ္ဘာလုံးအဆင့်ရေဝပ်ဒေသများ ဝိုင်းဝန်းထိန်းသိမ်းကြရန်အတွက် "ရေဝပ်ဒေသများကွန်ဗင်းရှင်း" ကို ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အီရန်နိုင်ငံ ရမ်ဆာမြို့၌ ဖွဲ့စည်းခဲ့သည်။ ယနေ့အချိန်အထိ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၂ နိုင်ငံရှိပြီး နိုင်ငံတကာအဆင့် အရေးပါသော ရေဝပ်ဒေသပေါင်း ၂၄၇၁ ခု၊ စုစုပေါင်းဧရိယာ ၂၅၆၁၉၂၃၅၆ ဟက်တာကို သတ်မှတ်ထိန်းသိမ်းထားလျက်ရှိသည်။ "ရမ်ဆာရေဝပ်ဒေသများ" ဟုလည်းခေါ်ဆို"**

မြန်မာနိုင်ငံတွင် ရေဝပ်ဒေသများစွာရှိသည့်အနက် ရမ်ဆာရေဝပ်ဒေသ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ရေဝပ်ဒေသများ ရှာဖွေဖော်ထုတ်ပြီး ထိန်းသိမ်းလျက်ရှိရာ မန္တလေးမြို့နှင့် စဉ့်ကိုင်မြို့အနီးရှိ ပလိပ်အင်းရေဝပ်ဒေသ၊ တံတားဦးမြို့အနီးရှိ ပျူကန်ရေဝပ်ဒေသ၊ ဧရာဝတီ လင်းပိုင်ထိန်းသိမ်းရေးနယ်မြေ (ဧရာဝတီမြစ် စဉ့်ကူး-ပုဂံအပိုင်း)၊ ခန္တီးမြို့အနီး ချင်းတွင်းမြစ်အထက်ပိုင်းဒေသတို့သည် အလွန်အရေးပါသော ရေဝပ်ဒေသများဖြစ်သဖြင့် နိုင်ငံတကာအသိအမှတ်ပြု ရမ်ဆာရေဝပ်ဒေသအဖြစ် အသိအမှတ်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

### ရေဝပ်ဒေသများပျက်စီးဆုံးရှုံးမှုများ

ရေဝပ်ဒေသများသည် ရာသီဥတုပြောင်းလဲမှု လျှော့ချရေး၊ ဂေဟစနစ်တည်ငြိမ်ရေး၊ ရေကြီးရေလျှံခြင်းအပါအဝင် ရေနှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ်များ တားဆီးကာကွယ်ရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် စားရေရိက္ခာ ဖူလုံရေး စသည့်အကျိုးကျေးဇူးများစွာ ပံ့ပိုးပေးလျက်ရှိသော်လည်း နိုင်ငံ၏ လူဦးရေတိုးတက်လာမှု၊ မြို့ပြများနှင့် ဖွံ့ဖြိုးမှုဆိုင်ရာအဆောက်အအုံများ တိုးချဲ့လာမှု၊ အမှိုက်သရိုက်များ၊ ပလတ်စတစ်များ၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ရွှေနှင့် ဓာတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းများမှ ဓာတုစွန့်ပစ်ပစ္စည်းများစွန့်ပစ်မှု အပါအဝင် ပတ်ဝန်းကျင်အလွန်အမင်းညစ်ညမ်းလာမှု၊ အိမ်ထောင်စုများမှ အညစ်အကြေးများစွန့်ပစ်မှုနှင့် အခြားမြေအသုံးချမှုသို့ ပြောင်းလဲမှုများကြောင့် ရေဝပ်ဒေသများပျောက်ကွယ်ခြင်းနှင့် ပျက်စီးယိုယွင်းကာ အရည်အသွေးကျဆင်းခြင်းတို့ဖြစ်ပေါ်လျက်ရှိသည်။

ဥပမာအားဖြင့် ရေဝပ်ဒေသများမှ ရေကိုအလွန်အကျွံထုတ်ယူ၍ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ရေနက်ကွင်းစိုက်ပျိုးမြေများ ဖော်ထုတ်ခြင်း၊ ရွှေနှင့် ဓာတ်သတ္တုအမျိုးမျိုး တူးဖော်ထုတ်လုပ်ခြင်းစသည်တို့သည် မြစ်၊ ချောင်းများ၊ အင်းအိုင်များအပါအဝင် ရေဝပ်ဒေသများအတွင်းသို့ ရေစီးဆင်းမှုနှင့် ရေဝပ်ဒေသ၏ ရေလွှမ်းလွင်ပြင်ဧရိယာများကို ပြောင်းလဲစေပြီး ပံ့ပိုးလျက်ရှိသော ဝန်ဆောင်မှုများကို ထိခိုက်ပျက်စီးစေသည်။ မြန်မာနိုင်ငံတစ်ဝန်း အချို့သောမြို့များ၊ ဒေသများတွင် နှစ်စဉ် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိရာ အကြောင်းရင်းအမျိုးမျိုးအနက် ရေဝေရေလဲဒေသ သစ်တောများပြုန်းတီးခြင်း၊ မြစ်ချောင်းများတိမ်ကောလာခြင်းနှင့် ရေလျှံကွင်းများ၊ ရေဝပ်ဒေသများပျက်စီးခြင်း၊ ပျောက်ကွယ်လာခြင်းသည် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် မြို့ပြများနှင့်ဆက်စပ်နေသော ရေဝပ်ဒေသများ၏ ရေစီးဆင်းသိုလှောင်နိုင်မှုစွမ်းရည်များကျဆင်းပြီး ရေကြီးရေလျှံခြင်းများ မကြာခဏ ဖြစ်ပေါ်ရခြင်းဖြစ်သည်။ ရေဝပ်ဒေသဂေဟစနစ် ယိုယွင်းပျက်စီးခြင်းကြောင့် ရေနေသတ္တဝါအမျိုးမျိုး၊ ဒေသမျိုးရင်းငါးမျိုးစိတ်များနှင့် ရေနေအပင်များ ဆုံးရှုံးပျောက်ကွယ်သကဲ့သို့ ရေလုပ်ငန်းများကို မှီခိုနေရသော ဒေသခံရေလုပ်ငန်းများ၏ လူမှုစီးပွားကျဆင်းစေပြီး နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း နှောင့်နှေးစေနိုင်သည်။

စာမျက်နှာ ၁၁ သို့ ☆

☆ စာမျက်နှာ ၁၀ မှ

## အမျိုးသားရေဝပ်ဒေသ မူဝါဒနှင့် မဟာဗျူဟာ လုပ်ငန်းများ

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ဂေဟစနစ်တည်ငြိမ်ရေးအတွက် အလွန်အရေးပါသော ရေဝပ်ဒေသများထိန်းသိမ်းရေးကို နိုင်ငံအဆင့် စဉ်ဆက်မပြတ် အကောင်အထည်ဖော်နိုင်ရန် **“အမျိုးသားရေဝပ်ဒေသမူဝါဒနှင့် မဟာဗျူဟာ လုပ်ငန်းများ”**ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် စတင်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ရေဝပ်ဒေသများကို ကာကွယ်ခြင်း၊ အကျိုးရှိစွာအသုံးချခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များတွင် ရေဝပ်ဒေသတန်ဖိုးများကို ထည့်သွင်းခြင်း၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ သိမြင်နိုးကြားမှုမြှင့်တင်ခြင်းနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေဝပ်ဒေသအစီအစဉ်များတွင် ပါဝင်ခြင်း စသည့်ရေဝပ်ဒေသမူဝါဒများနှင့်အညီ နှစ်တို၊ နှစ်ရှည်စီမံကိန်းများရေးဆွဲကာ ရေဝပ်ဒေသများ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။ ရေဝပ်ဒေသ ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ (National Wetland Committee) ကိုလည်း ၂၀၁၆ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး ဆက်စပ်ဌာနများအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

## ဆောင်းခိုငှက်များနားခိုရာ ရေဝပ်ဒေသများ

မြန်မာနိုင်ငံသည် ဂေဟစနစ်အရ အရေးပါသော ရေဝပ်ဒေသများပေါ်များသဖြင့် ဌာနေဒေသမျိုးရင်းငှက်မျိုးစိတ်များ ပေါ်ကြွယ်ဝသကဲ့သို့ ကမ္ဘာ့အအေးပိုင်းဒေသများမှ လာရောက်ကြသော ဆောင်းခိုငှက်များကိုလည်း တွေ့နိုင်သည်။ မြန်မာနိုင်ငံသည် အရှေ့အာရှ-ဩစတြေးလျ ဒေသ ငှက်ပျံသန်းရာလမ်းကြောင်း (East Asian-Australasian Flyway Site Network)တွင် ကျရောက်သဖြင့် သဘာဝဂေဟစနစ်များကောင်းမွန်ပြီး အစားအစာများနှင့် နားခိုရာနေရာ ပေါများသော မြန်မာနိုင်ငံ၏ ရေဝပ်ဒေသများတွင် ဆောင်းခိုငှက်များ နှစ်စဉ်လာရောက်နားခိုကြသည်။ သစ်တောဦးစီးဌာန၏ နှစ်စဉ် ငှက်စာရင်းကောက်ယူမှုများအရ ၂၀၂၂ ခုနှစ်အတွင်း ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော ရေဝပ်ဒေသတွင် ငှက်မျိုးစိတ် ၁၅၁ မျိုးနှင့် ကောင်ရေ ၄၁၅၆၃၊ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေဝပ်ဒေသတွင် ငှက်မျိုးစိတ် ၁၁၉ မျိုးနှင့် ကောင်ရေ ၂၇၄၄၇၊ အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေဝပ်ဒေသတွင် ငှက်မျိုးစိတ် ၁၈၇ မျိုးနှင့် ကောင်ရေ ၃၂၁၅၁ နှင့် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေဝပ်ဒေသ၌ ငှက်မျိုးစိတ်ပေါင်း ၁၀၃ မျိုး၊ ကောင်ရေ ၃၀၅၂ တို့ နေထိုင်ကျက်စားကြောင်း တွေ့ရှိရသည်။

ဆောင်းခိုငှက်မျိုးစိတ်များသည် မြန်မာနိုင်ငံရှိ ရေဝပ်ဒေသများသို့ နှစ်စဉ် အောက်တိုဘာလမှ ဧပြီလအထိ လာရောက်ကျက်စားကြသည်။ အဆိုပါ ငှက်မျိုးစိတ်များအနက် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်စာရင်းဝင်နှင့် အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature-IUCN) ၏ Redlist စာရင်းဝင်ဖြစ်သည့် မျိုးသုဉ်းလုနီး အန္တရာယ်ရှိနေသောမျိုးစိတ် ရေညှောင့်နှုတ်သီးဝိုင်း (Spoon-billed Sandpiper-*Calidris pygmaea* (CR)၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ် နော်မန်ခြေစိမ်း (Nordmann’s Greenshank-*Tringa guttifer* (EN)၊ နေဘွ (Great Knot - *Calidris tenuirostris* (EN)၊ မျိုးသုဉ်းရန် ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသောမျိုးစိတ် အမြီးနက် ဂေါ်ဒွစ်(Black-tailed Godwit - NT) များသည် မုတ္တမပင်လယ်ကွေ့၊ နံ့သာ(မေယု) မြစ်ဝနှင့် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် တွေ့ရှိရသည်။

မျိုးသုဉ်းလုနီးအန္တရာယ်ရှိနေသော မျိုးစိတ် ပို့ချပ်ခေါင်းစိမ်း (Baer’s Pochard - *Aythya baeri* (CR)၊ မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ် ပို့ချပ်ဘဲ (Common Pochard - *Aythya ferina* (VU)၊ မျိုးသုဉ်းရန်ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသောမျိုးစိတ် ဘဲနီစပ် (Ferruginous Pochard - *Aythay nyroca* (NT)၊ ခရုစုတ်အနက် (Black-headed Ibis -*Threskiornis melanocephalus* (NT)၊ နှုတ်သီးကောက်ကြီး Eurasian Curlew - *Numenius arquata* (NT)၊ ဘဲတောင်ရှည် Falcated Duck- *Anas falcate* (NT) နှင့် ဌာနေရေပျော်ငှက်များတွင် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သောမျိုးစိတ် ကြိုးကြာခေါင်းနီ Surus Crane -*Antigone Antigone* (VU)၊ မျိုးသုဉ်းရန်ခြိမ်းခြောက်မှုအဆင့်သို့ နီးကပ်နေသောမျိုးစိတ် ငှက်ကြီးဝန်ပို Spot-billed Pelican- *Pelecanus philippensis* (NT)၊ ဥပန်း Oriental Darter- *Anhinga melanogaster* (NT) မျိုးစိတ်များအား အင်းတော်ကြီး၊ မိုးယွန်းကြီးအင်းနှင့် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် တွေ့ရှိနိုင်သည်။



## ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetlands Day)

ကမ္ဘာ့ရေဝပ်ဒေသများနေ့သည် ရေဝပ်ဒေသများ၏တန်ဖိုးကို မီးမောင်းထိုးပြရန်အတွက် နှစ်စဉ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ အသိပညာပေး လှုပ်ရှားမှုတစ်ခုဖြစ်သည်။ ဖေဖော်ဝါရီလ ၂ ရက်နေ့သည် ၁၉၇၁ ခုနှစ်တွင် ချမှတ်ခဲ့သော အစိုးရအချင်းချင်း သဘောတူစာချုပ်ဖြစ်သည့် Wetlands Convention ၏ နှစ်ပတ်လည်နေ့ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၂ နိုင်ငံက ရေဝပ်ဒေသထိန်းသိမ်းရေး အရှိန်အဟုန်မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခုနှစ်အတွက် ကမ္ဘာ့ရေဝပ်ဒေသများနေ့ ဦးတည်ချက်ဆောင်ပုဒ်မှာ **“ရေဝပ်ဒေသများတည်တံ့ဖို့၊ ခုချိန်ကစ ပြန်လည်တည်ထောင်ထိန်းသိမ်းစို့”** (It is time for Wetland Restoration) ဖြစ်သည်။ ကမ္ဘာ့ရေဝပ်ဒေသများ၏ ၃၅ ရာခိုင်နှုန်းသည် လွန်ခဲ့သောနှစ်ပေါင်း ၅၀ အတွင်း ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် ယခုနှစ်၏ ဆောင်ပုဒ်သည် ရေတိမ်ဒေသများ ပြန်လည်ထူထောင်ရေးကို ဦးစားပေးလုပ်ဆောင်ရန် အရေးတကြီးလိုအပ်မှုကို မီးမောင်းထိုးပြပြီး ပျက်စီးသွားသော ရေတိမ်ဒေသများ ပြန်လည်ရှင်သန်ရန်နှင့် ပြန်လည်ထူထောင်ရန် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် မျိုးဆက်သစ်တစ်ရပ်လုံးကို တိုက်တွန်းထားခြင်းဖြစ်သည်။

ကမ္ဘာ့ရေဝပ်ဒေသများနေ့ ဆောင်ပုဒ်သည် ကုလသမဂ္ဂ ဂေဟစနစ်ပြန်လည်ထူထောင်ရေး ဆယ်စုနှစ် (၂၀၂၁-၂၀၃၀) ကို ပံ့ပိုးပေးလျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်အမျိုးမျိုး ပြန်လည်ထူထောင်ရေးအတွက်လည်း လှုံ့ဆော်ပေးလျက်ရှိသည်။ ရေဝပ်ဒေသများက လူသားမျိုးနွယ်များနှင့် ကမ္ဘာမြေအတွက် အကျိုးပြုမှုများကို ပြည်သူများ သိရှိနားလည်မှု တိုးမြင့်လာစေရန် ရည်ရွယ်ပြီး ရေဝပ်ဒေသများ ထိန်းသိမ်းခြင်း၊ အကျိုးရှိစွာ အသိအလိမ္မာနှင့် အသုံးပြုခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ကို ဖြစ်ပေါ်စေမည့် ဆောင်ရွက်ချက်များကို အရှိန်အဟုန်မြှင့်တင်ရန် ရည်ရွယ်ကာ ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများကို ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း နှစ်စဉ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ ကျရောက်တိုင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနက သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများနှင့် ပူးပေါင်းပြီး **“ကမ္ဘာ့ရေဝပ်ဒေသများနေ့”** အထိမ်းအမှတ် အခမ်းအနားများကို အနှစ်သာရပြည့်ဝစွာဖြင့် ကျင်းပနိုင်ခဲ့သည်။ အထူးသဖြင့် ရေဝပ်ဒေသများ ထိန်းသိမ်းရေးအတွက် အရေးကြီးသည့် သတင်းအချက်အလက်များကို ပြည်သူများ၊ အကျိုးဆက်စပ်ပတ်သက်သူများထံ သတင်းပါးနိုင်ရေးအတွက် သတင်းမီဒီယာအမျိုးမျိုးဖြင့်ဖြန့်ဝေခြင်း၊ ဆွေးနွေးပွဲများ၊ ပြပွဲပြိုင်ပွဲများကျင်းပခြင်း၊ ပညာရေးအစီအစဉ်များတွင် ပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်း၊ ဒေသခံပြည်သူများအပါအဝင် အကျိုးဆက်စပ်ပတ်သက်သူများ ပူးပေါင်းပါဝင်စေခြင်းနှင့် ရေဝပ်ဒေသဆိုင်ရာ သိမြင်နိုးကြားမှု တိုးပွားလာစေရန်ဆောင်ရွက်ခြင်း (Communication၊ Education၊ Participation and Awareness-CEPA) တို့ကို ဆောင်ရွက်လျက်ရှိသည်။

ရေဝပ်ဒေသများထိန်းသိမ်းရာတွင် အကောင်းဆုံးသောနည်းလမ်း ခုနစ်သွယ်ကို အကောင်အထည်ဖော်ရန် ကမ္ဘာ့ရေဝပ်ဒေသကွန်ဗင်းရှင်းက တိုက်တွန်းထားသည်-

(က) ရေဝပ်ဒေသများမှ ပံ့ပိုးထောက်ပံ့သော ဝန်ဆောင်မှုတစ်ခု သို့မဟုတ် နှစ်ခုကို သာမက အမျိုးမျိုးသော အကျိုးကျေးဇူးများနှင့် ဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်ရန် စဉ်းစားဆောင်ရွက်ခြင်း၊

(ခ) ရေဝပ်ဒေသဂေဟစနစ်များ သဘာဝအလျောက် ပြန်လည်ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း၊

(ဂ) ရေဝပ်ဒေသများထိန်းသိမ်းရာတွင် စီမံချက်ရေးဆွဲခြင်းမှသည် အကောင်အထည်ဖော်သည်အထိ ဒေသခံပြည်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်စေခြင်း၊

(ဃ) ရေဝပ်ဒေသများ ပျက်စီးဆုံးရှုံးရခြင်း အကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ဖြေရှင်းခြင်း၊ လျော့ပါးစေရန် ကန့်သတ်ခြင်းနှင့် ပင်မဧရိယာမှ ဖယ်ထုတ်ခြင်း၊

(င) ပျက်စီးနေသော ရေဝပ်ဒေသများကို ရှင်းလင်းခြင်းနှင့် ဖြစ်နိုင်သမျှ ပြန်လည်ထူထောင်ခြင်း၊

(စ) ဒေသမျိုးရင်း တောရိုင်းတိရစ္ဆာန်များ၊ အပင်မျိုးစိတ်များ ထိန်းသိမ်းခြင်းနှင့် ပြင်ပမှ မျိုးစိတ်များကိုဖယ်ရှားခြင်း၊

(ဆ) ရေဝပ်ဒေသများအတွင်း ဂေဟစနစ် အပေါ်မူတည်၍ ဝင်ရောက်သွားလာမှု ကန့်သတ်ဧရိယာများ ခွဲခြားထားခြင်း၊ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းရေး နယ်မြေများ၊ ပြည်သူများ လာရောက်လည်ပတ်နိုင်သောနေရာများ ခွဲခြားထားခြင်း။

ရေဝပ်ဒေသများထိန်းသိမ်းရေးတွင် အဓိကအခန်းကဏ္ဍမှ ဦးဆောင်နေသော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ရေဝပ်ဒေသများ ထိန်းသိမ်းရေးတွင် စိတ်အားထက်သန်စွာ ဆောင်ရွက်လျက်ရှိသော ပုဂ္ဂိုလ်များ၊ အစိုးရအဖွဲ့အစည်းများအပါအဝင် ရန်ပုံငွေကြေးပံ့ပိုးလျက်ရှိသော အဖွဲ့အစည်းများ၊ ဂေဟစနစ်ထိန်းသိမ်းရေးကို ဦးဆောင်မှုပြုနေသော ဒေသခံပြည်သူအစုအဖွဲ့ခေါင်းဆောင်များ၊ ရေဝပ်ဒေသများနှင့် ဆက်စပ်လျက်ရှိသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ ပညာရေးကဏ္ဍမှ ဆရာ ဆရာမများ၊ ဂေဟစနစ်ထိန်းသိမ်းရေးပညာရှင်များနှင့် လက်တွေ့ဆောင်ရွက်နေသူများအားလုံး တက်ကြွစွာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ရေဝပ်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်သည်။

## ရေဝပ်ဒေသများတည်တံ့ဖို့၊ ခုချိန်ကစ ပြန်လည်တည်ထောင်ထိန်းသိမ်းစို့

လူဦးရေတိုးတက်လာမှု၊ နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ အရေးကြီးသော ရေဝပ်ဒေသများ ပျက်စီးပျောက်ကွယ်လာခြင်းကြောင့် ရေကြီးရေလျှံခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ကြရလျက်ရှိသည်။ ရေဝပ်ဒေသများအပါအဝင် ဆက်စပ်ဂေဟစနစ်များကို ထိန်းသိမ်းခြင်းဖြင့် လူ့ဘောင်အဖွဲ့အစည်းများက ရင်ဆိုင်နေရသော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။ တစ်ဦးတစ်ယောက်ချင်းအဆင့်မှသည် အဖွဲ့အစည်းအဆင့်၊ ရပ်ကွက်ကျေးရွာအဆင့်မှသည် နိုင်ငံတော်အဆင့်အထိ ဆောင်ရွက်နိုင်သော လုပ်ငန်းများလည်းဖြစ်သည်။ ရေဝပ်ဒေသများ ထိန်းသိမ်းခြင်းလုပ်ငန်းများကို မိမိတို့လုပ်နိုင်သည့်အဆင့်မှ စတင်လုပ်ဆောင်ကြရမည်ဖြစ်သည်။ နိုင်ငံတကာအသိအမှတ်ပြု ရမ်ဆာရေဝပ်ဒေသများတွင် ဆောင်ရွက်ဆဲ ရေဝပ်ဒေသထိန်းသိမ်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ အခြားအလားအလာကောင်းသော ရေဝပ်ဒေသများကိုလည်း ခုချိန်မှစတင်ကာ ဝိုင်းဝန်းထိန်းသိမ်းကြရန် အလွန်အရေးကြီးပါသည်။ သို့မှသာ ရေဝပ်ဒေသများရေရှည်တည်တံ့ပြီး ရေဝပ်ဒေသများမှ ပံ့ပိုးသော အကျိုးကျေးဇူးများစွာကိုလည်း အပြည့်အဝရရှိခံစားနိုင်မည်ဖြစ်ကာ နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း **“၂၀၂၃ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့”** ကို ဂုဏ်ပြုတင်ပြအပ်ပါသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၂၉၀၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၇-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၆-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၉၀၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၄၇,၈၅၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၉၁၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၉၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်း တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကြီးကြပ်ရေးမှူးတာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများနှင့် တွေ့ဆုံ၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းသည် စစ်တွေတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်မောင်ဇော်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကျော်မျိုးလွင်၊ ပြည်နယ်ပညာရေးမှူး ဦးဘထွီးစိန်တို့နှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဓမ္မဇေယျခန်းမ၌ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြီးကြပ်ရေးမှူး တာဝန်ထမ်းဆောင်ကြမည့် ဆရာကြီး ဆရာမကြီးများနှင့် တွေ့ဆုံပွဲသို့တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် ကြီးကြပ်ရေးမှူး တာဝန်ထမ်းဆောင်ကြမည့် ဆရာကြီး ဆရာမကြီးများက ကြီးကြပ်ရေးမှူး တာဝန်ထမ်းဆောင်ကြရမည့် မြို့နယ်နှင့်ကျောင်းများ၏ အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ဆရာကြီး ဆရာမကြီးများအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ စစ်ဆေးရန်အတွက် မေးခွန်းလွှာများကို စတင်ထုတ်ယူကြရတော့မည်ဖြစ်ကြောင်း၊ ထုတ်ယူပြီးသော မေးခွန်းလွှာများကို တာဝန်ကျရာဒေသများသို့ အဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်ရေးနှင့် စနစ်တကျ သိမ်းဆည်းထားနိုင်ရေးသည် အလွန်အရေးကြီးပါကြောင်း၊ ရခိုင်ပြည်နယ်



တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ၁၉၂၇၇ ဦး ဝင်ရောက်ဖြေဆိုမည်ဟု သိရပါကြောင်း၊ ရခိုင်ပြည်နယ်အနေဖြင့် အောင်ချက်ရာခိုင်နှုန်းကို ကြည့်မည်ဆိုလျှင် ယခင်နှစ်က ၄၇ ဒသမ ၂၅ ရာခိုင်နှုန်း အောင်မြင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်က ဆရာကြီး ဆရာမကြီးများလည်း တက်ရောက်လာကြသည့်အတွက် မေးခွန်းလွှာများ ထုတ်ယူသယ်ဆောင်ရန်အတွက် အဆင်ပြေဆုံးဖြစ်အောင် စီစဉ်ထားသည်ကိုလည်း တွေ့ရပါကြောင်း၊ ရခိုင်ပြည်နယ်တွင် စာသင်ကျောင်းများ အများဆုံးဖွင့်လှစ်သင်ကြားနေသည်ကို တွေ့ရပါကြောင်း၊ တက္ကသိုလ်မှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများက တက္ကသိုလ်ဝင်စာမေးပွဲစစ်ဆေးမှုများတွင် ကြီးကြပ်ပေးမှုများရှိမည်ဖြစ်ကြောင်း၊ ကျောင်းများ၏ ဥပမိရုပ်ကောင်းမွန်ရေး၊ မီးဘေးအန္တရာယ် ကင်းရှင်းရေးအတွက်လည်း အထူးဂရုပြုဆောင်ရွက်ကြစေလိုကြောင်းနှင့် KG +9 ဖြေဆိုအောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူများအတွက် မြန်မာတစ်နိုင်ငံလုံးတွင် ခရိုင် ၅၀ ၌ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်း ၅၁ ကျောင်း ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း ပြောကြားသည်။

ဆက်လက်၍ စစ်တွေတက္ကသိုလ် ပါမောက္ခချုပ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ပြည်နယ်ပညာရေးမှူးတို့က စာမေးပွဲဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးက ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ၂၀၂၃ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် စေတနာညကျောင်း စာသင်ဝိုင်းများတွင် စေတနာထက်သန်စွာဖြင့် ပညာသင်ကြားပေးခဲ့ကြသော ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေကျပ် ၁၅၉ သိန်းနှင့် ကြီးကြပ်ရေးမှူး တာဝန်ထမ်းဆောင်ကြမည့် ဆရာကြီး ဆရာမကြီးများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၆၀ ကို ပြည်နယ်ပညာရေးမှူးနှင့် ကြီးကြပ်ရေးမှူး ဆရာမကြီးတစ်ဦးတို့ထံ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ နှစ်ထပ်စာသင်ဆောင် ဆောက်လုပ်နေမှုကို လည်းကောင်း၊ အခြေခံပညာမူလတန်းကျောင်း ရှုပမြောက်နှင့် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတို့တွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှုကိုလည်းကောင်း၊ အမှတ်(၁)အခြေခံပညာအထက်ကျောင်းတွင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်း ဆောက်လုပ်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့က နေရပ်ပြန်မည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေနှင့်ပစ္စည်း ပေးအပ်

**မြေပုံ ဖေဖော်ဝါရီ ၂၇**

ရခိုင်ပြည်နယ် မြေပုံမြို့နယ်ရှိ ယာယီတိုက်ပွဲရှောင်စခန်းအသီးသီးတွင် ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ကျေးရွာအုပ်စု ငါးအုပ်စု၊ ကျေးရွာခုနစ်ရွာတို့မှ နေရပ်ပြန်ကြမည့် ယာယီတိုက်ပွဲရှောင်ဒေသခံပြည်သူများအား ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမျိုးညွန့်ဦးက ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့သည့် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် အိမ်ထောင်စု ၁၉၂ စုအတွက် ထောက်ပံ့ငွေကျပ် သိန်း ၉၆၀၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်လင်းနိုင်က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှထောက်ပံ့သည့် နေရပ်ပြန်ပြောင်းရွှေ့စရိတ် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်တစ်သိန်းနှုန်းစီဖြင့် အိမ်ထောင်စု ၁၉၂ စုအတွက် ငွေကျပ် ၁၉၂ သိန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးရဲကျော်အောင်က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် လူတစ်ဦးလျှင် ဆန်ရိက္ခာ တစ်လစာနှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၆၈၇၆၀၀၀၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ဝင်းက လူသုံးကုန်ပစ္စည်း ၁၇ မျိုးပါ Family Kit ၁၉၂ ပုံးတို့ကို ယာယီတိုက်ပွဲရှောင်အိမ်ထောင်စုဝင်များ၏ ကိုယ်စားလှယ်များထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမျိုးညွန့်ဦးနှင့် တာဝန်ရှိသူများက နေရပ်ပြန်ကြမည့် ယာယီတိုက်ပွဲရှောင်ဒေသခံပြည်သူများကို အားပေးစကားပြောကြားပြီး လိုက်လံနှုတ်ဆက်ပို့ဆောင်ပေး



ကာ မိမိနေရပ်အသီးသီးသို့ သယ်ဆောင်မည့် ပစ္စည်းများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက နေအိမ်အရောက် မော်တော်ယာဉ်၊ စက်လှေများဖြင့် ကူညီသယ်ယူရွှေ့ပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များထံ ပို့ဆောင်မည့် လက်နက်/ခဲယမ်းများနှင့်အတူ တရားခံများ ဖမ်းဆီးရမိ



ဝင်းဇော်



ဇော်လွင်ဦး(ခ)ဉူးတေဇောဘာသ




ဖေဖော်ဝါရီ ၂၄ ရက်တွင် သထုံမြို့ ကော့ကရိတ်-သထုံကားလမ်း သထုံမြို့အထွက် ကားဂိတ်၌ ဖမ်းဆီးရမိခဲ့သည့် လက်နက်/ခဲယမ်းများ တင်ဆောင်လာသော ပရာဒိုယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အုပ်စုများသည် ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ လုယက်ခြင်းများအား ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။ ထို့ပြင် CRPH နှင့် NUG တို့သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ချိတ်ဆက်၍ လက်နက်/ခဲယမ်းများ ဝယ်ယူကာ PDF အမည်ခံ အကြမ်းဖက်သမားများကို ထောက်ပံ့၍ အပြစ်မဲ့ပြည်သူများအပေါ် ခြိမ်းခြောက်ခြင်း၊ လူသတ်ခြင်းနှင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

## ဖမ်းဆီးရမိ

နိုင်ငံတော်အစိုးရအနေဖြင့် လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်လျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသောလုပ်ရပ်နှင့် အကြမ်းဖက်မှုလုပ်ရပ်များကိုမလိုလားသည့် ဒေသခံတိုင်းရင်းသားပြည်သူများကလည်း အကြမ်းဖက်သမားများ၏ သတင်းများကို လျှို့ဝှက်ပေးပို့လျက်ရှိသည်။ သို့ဖြစ်၍ တာဝန်သိပြည်သူများ၏ လျှို့ဝှက်စွာ သတင်းပေးပို့မှုများအား ဆက်စပ်သတင်းဖော်ထုတ်မှုများအရ ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် သထုံမြို့ ကော့ကရိတ်-သထုံကားလမ်း သထုံမြို့အထွက်ကားဂိတ်၌ ကျိုက်ထိုမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသည့် ယာဉ်အမှတ်၊ YGN/RLG-2396 ပရာဒိုယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်မောင်း ဝင်းဇော်နှင့် ဇော်လွင်ဦး(ခ) ဉူးတေဇောဘာသ တို့ကို MK-12 သေနတ် နှစ်လက်၊ M-4 ကာဘိုင် နှစ်လက်၊ M-16 သေနတ် တစ်လက်၊ ပွိုင့်-၃၈၀ ရိုင်ဖယ် တစ်လက်၊ AK-47 သေနတ် တစ်လက်၊ Glock ပစ္စတို ၁၀ လက်၊ Sigsauer ပစ္စတို သုံးလက်၊ ကျည်မျိုးစုံ အတောင့် ၃၉၈၀၊ ကျည်အိမ်မျိုးစုံ ၄၆ ခု၊ ရီမုခလုတ် ၄၉ ခု တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား နှစ်ဦးနှင့်အတူ လက်နက်ငယ်မျိုးစုံ ၂၀၊ ကျည်မျိုးစုံ ၃၉၈၀၊ ကျည်အိမ်မျိုးစုံ ၄၆ ခု၊ ရီမုခလုတ် ၄၉ ခု တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံ **ဝင်းဇော်** နှင့် **ဇော်လွင်ဦး(ခ) ဉူးတေဇောဘာသ**တို့ နှစ်ဦးသည် ၂၀၂၂ ခုနှစ် မတ်လခန့်တွင် KNLA တပ်မဟာ(၆)လှုပ်ရှားနယ်မြေ လေးကေ့ကော်၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်းအား တစ်လခန့် တက်ရောက်ခဲ့ကြောင်း၊ အကြမ်းဖက်သင်တန်းတက်ရောက်စဉ် ရင်းနှီးခဲ့သည့် ဖမ်းဆီးရန်ကျန်တရားခံ **ဆရာမိုး** မြဝတီမြို့နေသူ၏ ချိတ်ဆက်ပေးမှုဖြင့် အကြမ်းဖက် CRPH နှင့် NUG မှ KNLA တပ်မဟာ(၆)ထံမှ ဝယ်ယူခဲ့သည့် လက်နက်/ခဲယမ်းများအား မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်နှင့် ပေါက်မြို့နယ်အတွင်း လှုပ်ရှားလျက်ရှိသည့် မြိုင် PDF အမည်ခံအကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန်တရားခံ **ရဲသော်တာ(ခ)ကျောက်တိုင်၊ ဗိုလ်လက်ျာ** နှင့် **မြိုင်ကြီး(ခ)ယက္ခ**တို့ထံသို့ အခကြေးငွေရယူ၍ ပို့ဆောင်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

## ဖော်ထုတ်သိရှိရ

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ လက်နက်/ခဲယမ်းများကို မွေ့ရာ၊ မြက်ဖျာများ၊ အဝတ်အစားဘေထုပ်အိတ်များနှင့် မုန့်ပုံးများအတွင်း၌ ထည့်သွင်းသိုဝှက်၍ ခရီးသည်တင်ကားများဖြင့် ပို့ဆောင်ခြင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များကို သာသနာပိုင်ယာဉ်၊ လူမှုကယ်ဆယ်ရေးယာဉ်နံပါတ်ပြားများတပ်ဆင်၍ ပုံမှားရိုက် ခရီးသွားဟန်လွှဲ ပြုလုပ်ပို့ဆောင်ခြင်း၊ ယာဉ်အောက် ကြမ်းခင်းများအတွင်း အံဝှက်များပြုလုပ်၍ ထည့်သွင်းပို့ဆောင်ကာ လမ်းကြောင်းတစ်လျှောက် အဆင့်ဆင့်လက်ပြောင်း လက်လွှဲပြုလုပ်၍ လျှို့ဝှက်စွာသယ်ဆောင်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဦးမှုသတင်းရယူကာ စနစ်တကျပိတ်ဆို့ရှာဖွေစစ်ဆေးမှုများကြောင့် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုလုပ်ငန်း ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်း တည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**







ဖေဖော်ဝါရီ ၂၄ ရက်တွင် သထုံမြို့ ကော့ကရိတ်- သထုံကားလမ်း သထုံမြို့အထွက် ကားဂိတ်၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။

# အရာတော်မြို့နယ် စပါးတွင်းကျေးရွာရှိ နေအိမ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့မီးရှို့ဖျက်ဆီး

နေပြည်တော် ဖေဖော်ဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် စပါးတွင်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး ကျေးရွာအတွင်းရှိ နေအိမ်များအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမားများသည် ဇန်နဝါရီ ၂၃ ရက် ည ၈ နာရီခန့်တွင် အရာတော်မြို့နယ် စပါးတွင်းကျေးရွာ၏ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်တို့မှ ကျေးရွာအတွင်းသို့ လက်လုပ်စိန်ပြောင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏ အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အကြမ်းဖက်သမားများသည် ပြန်လည်ဆုတ်ခွာထွက်ပြေးစဉ် ကျေးရွာ၏ အရှေ့မြောက်ဘက်ပိုင်းရှိ နေအိမ်များအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့သဖြင့် နေအိမ် ၂၃ လုံး မီးလောင်ပျက်စီးခဲ့သည်။

ထိုသို့ ကျေးရွာများအတွင်းသို့ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ပြီး အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါင်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ပေါင် ဖေဖော်ဝါရီ ၂၇

မွန်ပြည်နယ် ပေါင်မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အတွက် ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကို ပေါင်မြို့နယ် ကဒါရပ်ကွက် မင်္ဂလာဈေး၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။



ယင်းသို့ ဆောင်ရွက်ရာတွင် ပေါင်မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးမြတ်ကိုကိုနှင့် တာဝန်ရှိသူများက ဈေးသူ ဈေးသားများအား မီးသတ်ဆေးဘူး အသုံးပြုနည်းများနှင့် လက်တွေ့ မီးငြိမ်းသတ်ခြင်းကို သရုပ်ပြဆောင်ရွက်ခဲ့သည်။

ယင်းနောက် ဦးမြတ်ကိုကိုနှင့် တာဝန်ရှိသူများက ဈေးအတွင်းရှိ ဈေးတန်းများ၊ စားသောက်ဆိုင်များတွင် မီးဖိုအသုံးပြုနေမှုများ၊ ဓာတ်ငွေ့မီးဖိုများနှင့် လျှပ်စစ်မီးသုံးစွဲနေမှုများအား စနစ်တကျသုံးစွဲရန်၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိရန်၊ ဈေးတန်းများ၊ စားသောက်ဆိုင်များတွင်ထားရှိသည့် မီးသတ်ဆေးဘူးများ သက်တမ်းလွန်မှု ရှိ၊ မရှိ အခြေအနေများနှင့် လိုအပ်ချက်များကို လိုက်လံစစ်ဆေးခဲ့ပြီး မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မီးလောင်လျှင် ဆောင်ရွက်ရမည့် နည်းလမ်းများကို လိုက်လံစစ်ဆေးခဲ့ပြီး အသိပညာပေးဟောပြောခြင်းများနှင့် သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်နေ ကြည်လင်းသည် ၎င်းအသုံးပြုသည့် “Kyi Lynn” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက်နေ ရည်မွန်သည် ၎င်းအသုံးပြုသည့် “Yee Mon” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော CDF/PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

**တက်ရောက်**

ထိုသို့ လွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် တမူးမြို့နယ်၊ ကလေးမြို့နယ်၊ ကသာမြို့နယ်နှင့် ဝန်းသိုမြို့နယ်တို့ရှိ တပ်နယ်ခန်းမများ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းကို ပြုလုပ်ကြရာ သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အမှာစကားများ



အသီးသီးပြောကြားပြီး နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာ ပုဒ်မများနှင့် အသိပညာပေးစကားများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၊ ကလေးမြို့နယ်၊ ကသာမြို့နယ်နှင့် ဝန်းသိုမြို့နယ်တို့မှ PDF/ CDF အဖွဲ့ဝင် အမျိုးသား ငါးဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့ အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ထွက်ခွာ

နေပြည်တော် ဖေဖော်ဝါရီ ၂၇

တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄)ရေတပ် ဆိပ်ခံတံတား(သီလဝါ)မှ ထွက်ခွာရာ သန်လျင်တပ်နယ်မှ ဗိုလ်ချုပ်ထိန်ဝင်း၊ တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ ဗိုလ်မှူးချုပ် ကျော်ဇေယျ၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်မိသားစုများနှင့် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း ဦးဆောင်သော ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

**ဆောင်ရွက်ပေးသွားမည်**

အဆိုပါ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့် သူနာပြုရဲမေများလိုက်ပါ၍ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများကို ခွဲစိတ်ကုသမှု ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/



လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ECG စက်၊ X-Ray စက်၊ ဓာတ်မှန်ရိုက်စက်များဖြင့် ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇)ကြိမ်မြောက် အာဆီယံအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာသူများအစီအစဉ် ၂၀၂၃

## (7th ASEAN Data Science Explorers-DSE,2023)

အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် SAP ဆော့ဝဲလ်ကုမ္ပဏီတို့ ပူးပေါင်းစီစဉ်၍ (၇)ကြိမ်မြောက် အာဆီယံအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာသူများအစီအစဉ် ၂၀၂၃ (7th ASEAN Data Science Explorers–DSE 2023)ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ အထက်တန်းကျောင်း၊ တက္ကသိုလ်များနှင့် ကောလိပ်များမှ အသက် ၁၅ နှစ်မှ ၃၀ နှစ်အထိ ကျောင်းသားကျောင်းသူ လူငယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။

ပါဝင်ယှဉ်ပြိုင်မည့်သူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် နေထိုင်သည့်နိုင်ငံသား ဖြစ်ရမည်။ မြန်မာနိုင်ငံအတွင်းရှိ အထက်တန်းကျောင်းများ၊ တက္ကသိုလ်များနှင့် ဘာသာရေးကျောင်းများတွင် အချိန်ပြည့် ပညာသင်ကြားနေသည့် အသက် ၁၅ နှစ်မှ ၃၁ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူလူငယ်များ ဖြစ်ရမည်။ အသင်းလိုက် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အသင်းတစ်သင်းလျှင် နိုင်ငံတစ်နိုင်ငံထဲမှ ကျောင်းသား ကျောင်းသူနှစ်ဦး ပါဝင်ယှဉ်ပြိုင်ရပါမည်။ ပါဝင်ယှဉ်ပြိုင်သူများအနေဖြင့် ရွေးချယ်ထားသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ခြောက်ခုအနက်မှ တစ်ခုကိုရွေးချယ်၍ အချက်အလက်များ ခွဲခြားစိတ်ဖြာလေ့လာရေး အဆိုပြုချက်များကို ပုံများ၊ ဂရပ်များနှင့် ပုံစံကားချပ်များ (Storyboard)ဖြင့် တင်ပြရမည်ဖြစ်ပါသည်။

ပါဝင်ယှဉ်ပြိုင်သူများအနေဖြင့် ပထမဦးစွာ အသင်းလိုက်အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ၎င်း၏တင်ပြချက် (Storyboard)များကို ရေးသားပြုစုရပါမည်။ ပထမဦးစွာ နိုင်ငံအဆင့်သို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ရွေးချယ်ခံရပါက ဒေသအဆင့်သို့ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။ လျှောက်လွှာများအား ၉-၂-၂၀၂၃ ရက်နေ့မှ ၃၀-၄-၂၀၂၃ ရက်နေ့အထိ လျှောက်ထားနိုင်ပြီး အဆိုပြုတင်ပြချက် (Storyboard)များအား ၁-၄-၂၀၂၃ ရက်နေ့မှ ၃၁-၅-၂၀၂၃ ရက်နေ့အထိ ပေးပို့ရမည်ဖြစ်ပါသည်။ ပေးပို့တင်ပြထားသည့် Storyboard များကို ၁-၆-၂၀၂၃ ရက်နေ့မှ ၂၄-၆-၂၀၂၃ ရက်နေ့အထိ အကဲဖြတ်မည်ဖြစ်ပြီး နိုင်ငံအဆင့်ပြိုင်ပွဲများအား ၂၂-၈-၂၀၂၃ ရက်နေ့မှ ၆-၉-၂၀၂၃ ရက်နေ့အထိလည်းကောင်း၊ ဒေသအဆင့်ပြိုင်ပွဲကို ၂၄-၁၀-၂၀၂၃ ရက်နေ့မှ ၂၆-၁၀-၂၀၂၃ ရက်နေ့အထိလည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

### ❍ MNL ပြိုင်ပွဲမှ

ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ပွဲကစားခြောက်မှတ်၊ ဟံသာဝတီအသင်းက နှစ်ပွဲကစား တစ်မှတ်ရရှိထားသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက မြဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုရာသီတွင် ပုံစံကောင်းရနေသည့် ရန်ကုန်အသင်းသည် နှစ်ပွဲဆက်အနိုင်ရခဲ့ပြီး ယခုပွဲတွင်လည်း မြဝတီကို အနိုင်ယူခဲ့သည်။ ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ မြဝတီအသင်းက နှစ်ပွဲကစား တစ်မှတ်ရရှိထားသည်။

ပွဲစဉ်(၂) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ရတနာပုံအသင်း၊ YUSC ကွင်း၌ ကချင်ယူနိုက်တက်နှင့် မဟာယူနိုက်တက်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ကိုညီလေး

### ❖ နယူးကာဆယ်အသင်းမှ

တစ်ဂိုးနဲ့ ၃၉ မိနစ်မှာ တိုက်စစ်မှူးရက်ရှ်ဖို့ဒ်က တစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပြီး ဒုတိယပိုင်းမှာ နယူးကာဆယ်အသင်း ကစားကွက်ပြန်လည်ကောင်းမွန်လာခဲ့ပေမယ့် ချေပဂိုးမသွင်းယူနိုင်ခဲ့တာကြောင့် မန်ယူအသင်းကပဲ နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးခဲ့တဲ့ ကွင်းလယ်ကစားသမား ကက်စမဲရိုးကတော့ ပြိုင်ပွဲစုံ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ၁၂ ပွဲမှာ သွင်းဂိုးလေးဂိုးအထိ သွင်းယူနိုင်ခဲ့ပြီဖြစ်ပါတယ်။ မန်ယူအသင်းအနေနဲ့ နယူးကာဆယ်အသင်းကို အနိုင်ရပြီး ကာရာဘောင်ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဟာ ၂၀၁၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဖလားပြန်လည်ရရှိခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ဒါ့ပြင် နည်းပြအဲရစ်တန်ဟက်အတွက်လည်း မန်ယူအသင်းနည်းပြအဖြစ် တာဝန်ယူချိန်အတွင်း မန်ယူအသင်းနဲ့အတူ ပထမဆုံးဆုဖလားကို ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ နယူးကာဆယ်အသင်းကတော့ မန်ယူအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ၁၉၆၉ ခုနှစ်နောက်ပိုင်း ပထမဆုံး ဆုဖလားရယူဆွတ်ခူးနိုင်မယ့် မျှော်လင့်ချက်ပျက်ခဲ့ရတာဖြစ်ပါတယ်။

ငွေကြယ်

### ❂ ကျောဖုံးမှ

"မနှစ်က တောင်သူတွေ နွေစပါးနဲ့ဆီထွက်သီးနှံကို စိတ်ဝင်စားမှုနည်းခဲ့ပေမယ့် ဒီနှစ်နွေစပါး၊ ဆီထွက်သီးနှံနဲ့ပဲမျိုးစုံ စိုက်ပျိုးမှုလျာထားချက်ထက် တိုးမြှင့်စိုက်ပျိုးတာကို တွေ့ရတယ်။ သွင်းအားစု ဈေးကြီးပေမယ့် စပါးဈေးကောင်းတဲ့အတွက် စိုက်ပျိုးမှုများလာတယ်။ ငမိုးရိပ်ဆည်ကနေ စိုက်ခင်းအားလုံးကို ရေပေးဝေနေပါတယ်။ တူးမြောင်းကရေပို့လွှတ်တဲ့အခါမှာ လက်တံခွဲမြောင်းကနေ ရေပေးတာ၊ လယ်ကြားမြောင်းအတွက်ရေပေးတာ၊ မြောင်းကပိုတဲ့ရေကို ရေတံခါးမှာထိန်းထားပြီး မြစ်ရေတင်စက်နဲ့တင်ပြီးတော့ မြောင်းတွေကို ပို့လွှတ်တာနဲ့ ရေတံခါးက ရေကို တိုက်ရိုက်အသုံးပြုနေကြတာရှိတယ်။ ငမိုးရိပ်ဆည် ရေဝပ်ဧရိယာဧက ၁၁၀၀၀ ရှိပြီး ဧကပေ ၁၈၀၀၀၀ ရေလှောင်နိုင်တဲ့အတွက် တစ်ရက်ကို စည်ပင်သာယာသောက်သုံးရေအပါအဝင် ဧကပေ ၁၃၅၀ ရေပေးဝေနေပါတယ်။ တောင်သူတွေစိုက်ပျိုးမှု တိုးမြှင့်လာတာဟာ စိုက်ပျိုးစွမ်းအားပြည့်ထွန်းကားဆိုတဲ့ စကားနဲ့အညီ နိုင်ငံ့ရိက္ခာကိုဖူလုံစေပြီး ပြည်ပပို့ကုန်လည်းတိုးချဲ့နိုင်တာကြောင့် တောင်သူတွေရဲ့ လူမှုစီးပွားကိုလည်း တိုးတက်စေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညာဏ်စိုးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မင်္ဂလာဒုံ၊ လှည်းကူးနှင့် ဒဂုံလေးမြို့နယ်သို့ ငမိုးရိပ်ဆည်မှ ရေပို့လွှတ်လျက်ရှိရာ လှည်းကူးမြို့နယ်အတွင်းရှိ စိုက်ခင်းများမှ အများဆုံးအသုံးပြုလျက်ရှိသည်။ ငမိုးရိပ်ဆည်ရေသောက်ဧရိယာအတွင်း၌ နွေစပါး ၁၈၉၇၆ ဧက၊ ပဲမျိုးစုံသီးနှံဧက ၄၄၆၀ နှင့် ဆောင်းနှမ်း ၁၇၀၇ ဧကတို့ကို စိုက်ပျိုးထားသည်။ စိုက်ပျိုးရေးအတွက် လိုအပ်သောဆည်ရေကို မပြတ်ပို့လွှတ်နိုင်မှုဖြင့် နွေစပါးထွက်နှုန်းကောင်းရန် တောင်သူနှင့်ဌာနမှ မျှော်မှန်းထားပြီး လျာထားမှုထက် တိုးချဲ့စိုက်ပျိုးနိုင်မှုကြောင့် ယခုနှစ် နွေစပါးသည် တောင်သူနှင့် နိုင်ငံတော်အတွက် အကျိုးရှိမည့် စိုက်ပျိုးသီးနှံအဖြစ် မကြာမီ ပေါ်ထွန်းလာမည်ဖြစ်သည်။

ငမိုးရိပ်ဆည်ရေသောက်ဧရိယာအတွင်းရှိ စိုက်ခင်းများ ပြည့်ဝစွာ စိုက်ပျိုးရေ အသုံးပြုနိုင်ရန် တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိ၍ ပြီးခဲ့သည့်မိုးရာသီတွင် ရေဝင်ရောက်မှုနည်းခဲ့ပြီး ဆည်အပြည့် ရေသိုလှောင်နိုင်မှုမရှိသော်လည်း ပေါင်းရင်းတမံနှင့် မဟူရာတမံဖြစ်သော ရေကူတမံနှစ်ခု စုပေါင်းအားဖြင့် တိုးလာသောစိုက်ဧကနှင့် မြို့တော်သောက်သုံးရေအတွက် လိုအပ်သော ရေကို အလေအလွင့်မရှိ ပို့လွှတ်နိုင်ရန် စီမံဆောင်ရွက်ထားကြောင်း သိရသည်။

သတင်း-ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၁၀ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၀ | ၂၁၅၅ | ၂၁၈၀ | ၂၁၆၅ | ၂၁၄၅ | ၂၂၄၀ | ၂၂၅၅ | ၂၁၅၀ | ၂၁၆၀ | ၂၁၉၅ | ၂၁၉၅ | ၂၂၀၀ | ၂၄၃၀ | ၂၈၁၀ |
| 95 Ron | ၂၁၈၅ | ၂၂၃၅ | ၂၂၃၅ | ၂၁၉၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၄၅ | ၂၂၂၀ | ၂၃၂၀ | ၂၃၃၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၅၀ | ၂၃၄၅ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၅ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၃၁၆၀ |
| HSD (50 ppm) | ၂၂၈၀ | ၂၃၂၅ | ၂၃၂၅ | ၂၂၈၅ | ၂၃၂၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၀ | ၂၄၃၀ | ၂၄၂၅ | ၂၃၁၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၆၅ | ၂၃၆၅ | ၂၅၉၅ | ၃၁၉၀ |
| HSD (10 ppm) | ၂၂၈၀ | ၂၃၂၅ | ၂၃၂၅ | ၂၂၈၅ | ၂၃၂၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၀ | ၂၄၃၀ | ၂၄၂၅ | ၂၃၁၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၆၅ | ၂၃၆၅ | ၂၅၉၅ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၀၂ | ၂၀၇၆ |
| 95 Ron | ၂၀၇၇ | ၂၁၅၂ |
| HSD (500 ppm) | ၂၀၉၁ | ၂၁၆၂ |
| HSD (50 ppm) | ၂၁၆၅ | ၂၂၃၇ |
| HSD (10 ppm) | ၂၁၆၅ | ၂၂၃၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

တောင်သူလယ်သမားနေ့ ဂုဏ်ပြုဆောင်းပါး

# မြန်မာ့လယ်ယာခေတ်ကောင်းသို့ရောက်ရှိရေး ကြိုးပမ်းဆောင်ရွက်

ထက်ဝေအောင်(စစ်ကိုင်း)



မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံထားသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဆန်၊ ပဲ၊ ပြောင်း၊ ဝါ၊ ဆီထွက်သီးနှံ အထွက်နှုန်းများ ဖွံ့ဖြိုးတိုးတက်ရေး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးသာမက မွေးမြူရေးလုပ်ငန်းများလည်း အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့ကြသည်။ ပြည်တွင်းမှ ပိုလျှံသည့် စားရေရိက္ခာများကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်စွမ်းအားရှိသဖြင့် မြေကြီးက ရွှေသီးသည်ဟုပင် သတ်မှတ်ခေါ်ဆိုနိုင်သည်။ နိုင်ငံတော်အနေဖြင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းများကို ပီပြင်စွာ အကောင်အထည် ဖော်ဆောင်ရန်အတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် “တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်”ဟု အတိအလင်း ဖော်ပြထားသည်။

သို့ဖြစ်၍ နိုင်ငံတော်သည် စီးပွားရေးမူဝါဒများ ခိုင်မာစွာချမှတ်လျက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာထုတ်လုပ်ရေး၊ ကုန်ထုတ်စွမ်းအားများ မြင့်မားလာစေရေး၊ တောင်သူများ ဝင်ငွေတိုးတက်ရရှိစေရေး၊ ဘေးကင်းလုံခြုံ၍ အာဟာရပြည့်ဝသည့် စားရေရိက္ခာများထုတ်လုပ်ရေးကို နည်းလမ်းပေါင်းစုံဖြင့် ဥပဒေ၊ နည်းဥပဒေအကာအကွယ်များစွာဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေးပံ့ပိုးကူညီပေးလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်ရရှိရေး၊ မြေကောင်းမွန်ရေး၊ ရေလုံလောက်စွာရရှိရေး၊ နည်းစနစ်တကျ စိုက်ပျိုးရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကို စနစ်တကျ အကောင်အထည် ဖော်ဆောင်ရမည်ဖြစ်သည်။ သို့မှသာ သီးနှံအထွက်နှုန်းပန်းတိုင်ရရှိရေး (မျိုး၊ မြေ၊ ရေ၊ နည်း) စနစ်ကောင်းဖြင့် လယ်ယာစီးပွားခေတ်ကို အာမခံရရှိနိုင်မည်ဖြစ်သည်။ လယ်ယာစီးပွားလုပ်ငန်းများ ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရမည်ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်မှု၊ ပြုပြင်ထိန်းသိမ်းမှု၊ ဈေးကွက်ဝယ်လိုအားကောင်းမွန်မှုနှင့် အာဟာရပြည့်ဝသည့် သီးနှံစုံထုတ်လုပ်နိုင်မှုတို့ဖြင့် အချိန်နှင့်တစ်ပြေးညီ အောင်မြင်မှုရရှိရန် အထူးလိုအပ်သည်။ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အားနည်းချက်၊ အားသာချက်များကို အချိန်မီပြုပြင်ရန်၊ စိုက်နည်းစနစ်ကောင်းများကို အားထားရန်လိုအပ်ပြီး ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတုအလိုက် ရေမြေဒေသနှင့် ကိုက်ညီသည့် ဒဏ်အခံနိုင်ဆုံးမျိုးများကို စိုက်ပျိုးကြရမည်ဖြစ်သည်။

### စိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများ

နိုင်ငံတော်သည် စီးပွားရေးမူဝါဒများ ခိုင်မာစွာချမှတ်လျက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ထုတ်လုပ်ရေး၊ ကုန်ထုတ်စွမ်းအားများ မြင့်မားလာစေရေး၊ တောင်သူများ ဝင်ငွေတိုးတက်ရရှိစေရေး၊ ဘေးကင်းလုံခြုံ၍ အာဟာရပြည့်ဝသည့် စားရေရိက္ခာများ ထုတ်လုပ်ရေးကို နည်းလမ်းပေါင်းစုံဖြင့် ဥပဒေ၊ နည်းဥပဒေအကာအကွယ်များစွာဖြင့် တောင်သူလယ်သမားကြီးများကို ပံ့ပိုးကူညီလျက်ရှိသည်။ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်မှုတွင်လည်း တစ်ဧကချင်း အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးရေး အထူးအလေးထားရန် လမ်းညွှန်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု စိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများဖြစ်သည့် ဈေးကွက်သုတေသန၊ စိုက်ပျိုးရေးသုတေသန၊ မွေးမြူရေးသုတေသန၊ စက်မှုသုတေသန၊ နည်းပညာသုတေသန၊ ပညာရေးသုတေသနလုပ်ငန်းများကို အားပေးလျက်ရှိပြီး စားရေရိက္ခာဖူလုံရေးအတွက် မြေနှင့် ရေအရင်းအမြစ်များကို အကျိုးရှိရှိသုံးစွဲသွားရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား ခေတ်မီနည်းစနစ်များဖြင့် စနစ်တကျစီမံလျက်ရှိသည်။

ရေသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် မရှိမဖြစ်အရေးပါလှသည်။ နိုင်ငံတော် အစိုးရက စိုက်ပျိုးရေကို ထိရောက်စွာအသုံးချနိုင်ရေး၊ မိုးရွာသွန်းမှု လျော့နည်းလာသည့်အလျောက် မြစ်များ၊ ချောင်းများ၊ မြောင်းများအတွင်း ရေသိုလှောင်နိုင်ရေးအတွက် ဆည်၊ တာတမံကြီးများ၊ မြစ်ရေတင်စီမံကိန်းများ အသုံးပြုလျက် ရေရှည်အသုံးပြုနိုင်မည့် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေကို ထိရောက်စွာအသုံးပြုနိုင်ရေးနှင့် ရေစီမံခန့်ခွဲမှုကို လယ်သမားများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေမည့်ရေအသုံးချသူများအဖွဲ့ (Water User Group– WUG) နှင့် ရေအသုံးချသူများ အသင်း (Water User Association–WUA) များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

လယ်ယာလုပ်ငန်းခွင်တွင် စီးပွားရေးအရ တွက်ခြေကိုက်သော စပါး၊ မြေပဲ၊ နှမ်း၊ ပြောင်း၊ ပဲမျိုးစုံ၊ ကြံအစရှိသည့် သီးနှံများ ယှဉ်ပြိုင်စိုက်ပျိုးကြသကဲ့သို့ ဈေးကွက်ဝင်သီးနှံ၊ စီမံကိန်းသီးနှံများလည်း စိုက်ပျိုးသင့်ပေသည်။ ယနေ့အချိန်တွင် နိုင်ငံစီးပွားမြှင့်တင်မှုအနေဖြင့် ဘက်ပေါင်းစုံမှ စီမံကြိုးစားဆောင်ရွက်နေချိန်ဖြစ်သည်။ လယ်ယာကဏ္ဍတွင် နွေစပါး၊ ပဲတီစိမ်း၊ နေကြာ၊ ဝါသီးနှံများ တိုးချဲ့စိုက်ပျိုးရေး အလေးထားဆောင်ရွက်လျက်ရှိသည်။ သီးနှံအလိုက် ဧကတိုးချဲ့ရေးသာမက ဒေသရေမြေအလိုက် သီးထပ်စွမ်းအားမြှင့်တင်ရေးနှင့် အထွက်နှုန်းတိုးတက်ရေးသည် သီးနှံထုတ်လုပ်မှုလုပ်ငန်းများအတွက် အထွက်နှုန်းနှင့် ဝင်ငွေတွက်ခြေကိုက်မှုကို ဖြစ်စေသည်။ စက်မှုလယ်ယာ တစ်ခေတ်ကူးပြောင်း ဆောင်ရွက်မှုအနေဖြင့် တောင်သူများနှင့် စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ကိုင်သူများကို ပြောင်း၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်း၊ ကြံနှင့် အာလူး သီးနှံများကို Fully Mechanized ဖြင့် သရုပ်ပြစိုက်ပျိုးခြင်း၊ လယ်ထွန်စက်များကို ထွန်နှင့် ထယ်နှစ်မျိုးသာ အသုံးပြုလျက်ရှိရာမှ မြေပြင်၊ မျိုးစေ့ချ၊ ကြားပေါင်းလိုက်၊ ဆေးဖျန်း၊ ရိတ်သိမ်း အစအဆုံးထွန်စက်နှင့် နောက်တွဲကိရိယာ အသုံးပြုခြင်းသင်တန်းများ ပို့ချပေးလျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသည် တောင်သူများ၏ ဥစ္စာအရင်းအနှီးဖြစ်သည်။ လယ်ယာလုပ်သားရှားပါးမှုပြဿနာ၊ စိုက်ပျိုးမြေလျော့နည်းလာသည့်ပြဿနာများသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အတားအဆီးဖြစ်စေသည်။ သို့သော် လယ်ယာစိုက်ပျိုးရေးအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းပေါင်းစုံအသုံးပြု၍ ဆောင်ရွက်ရမည်ဖြစ်သည်။ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပါဝင်မှုနှင့်အတူ တောင်သူလယ်သမားကြီးများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာအောင် ဆောင်ရွက်ကြရမည်။ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် သီးနှံထုတ်ကုန်များဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကုန်ထုတ်လမ်းများကောင်းမွန်ရေး၊ ရေနှင့် မီးလင်းရေးဆိုင်ရာအခြေအနေကောင်းများ ပိုင်ဆိုင်ရရှိရန် လိုအပ်သည်။ အခြေခံလိုအပ်ချက်များပြည့်မီမှသာ တောင်သူလယ်သမားများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာပြီး ကိုယ်စိတ်နှစ်ပါး အေးချမ်းစွာဖြင့် ဝမ်းစာဖူလုံရေးလုပ်ငန်းရပ်များတွင် ဆတက်ထမ်းပိုးသယ်ပိုးရွက်ဆောင်နိုင်ပြီး နိုင်ငံ့အကျိုး၊ ဒေသအကျိုး ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

### ဆင်းရဲတော်မွတ်မှုတိုက်ဖျက်ရေး လုပ်ငန်းများ

ယနေ့ကမ္ဘာတစ်ဝန်းလုံးတွင် စားရေရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစွာရရှိရေး ကြွေးကြော်သံများဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရသည်။ ဆင်းရဲတော်မွတ်မှု တိုက်ဖျက်ရေး လုပ်ငန်းများကိုလည်း ထောင်စုနှစ်ရည်မှန်းချက်များ သတ်မှတ်လျက်ရှိပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (၁၇) ရပ်ပါအတိုင်း ငတ်မွတ်ခေါင်းပါးမှုအဆုံးသတ်ရေး၊ အစားအစာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးစားပေးဆောင်ရွက်မှုများ ပါဝင်သဖြင့် ဘေးကင်းလုံခြုံသောသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agriculture Practices–GAP) နှင့် အော်ဂဲနစ်စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများကို လေ့ကျင့်ဖော်ဆောင်လျက်ရှိသည်။

မျှော်မဆုံးနိုင်သည့်လယ်ကွက်များပေါ်တွင် ကွင်းလုံးပြည့်စပါးခင်းကြီးများဖြင့် မြန်မာ့လယ်ယာခေတ်ကောင်းသို့ ရောက်ရှိရေးမှာ တောင်သူလယ်သမားဦးကြီးများ၏ ဦးဆောင်ပါဝင်မှုသာမက အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်မှသာ အောင်မြင်မှုရရှိနိုင်ပေသည်။ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိရေး၊ နိုင်ငံတကာဈေးကွက်ထိုးဖောက်တင်ပို့နိုင်ရေး ကိစ္စများသည် လယ်ယာစီးပွားဖွံ့ဖြိုးရေးအတွက် အရေးပါသောအချက်အချို့ဖြစ်သည်။ ထို့အတူ စိုက်ပျိုးရေးသုံးခေတ်မီနည်းပညာများဖြင့် ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ တင်ပို့ခြင်းအဆင့်ဆင့် တိုးတက်လာမည်ဆိုပါက အလေအလွင့် နည်းပါးလျက်အကျိုးအမြတ်များလည်း ပိုမိုရရှိစေမည်ဖြစ်သည်။ ထို့အတူပင် လယ်ယာထွက်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေး မျှော်မှန်းဆောင်ရွက်ခြင်းသည် ဝယ်လိုအားကို ဖိတ်ခေါ်သဖြင့် လူမှုစီးပွားဘဝ အနာဂတ်ပိုမိုလှပလာမည့် သင်္ကေတတစ်ခုဖြစ်သည်။ ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တောင်သူလယ်သမားဦးကြီးများ ဝင်ငွေနှစ်ဆပွားနိုင်မည့် တိုးတက်မှုဖြစ်စဉ်များ၊ ဘေးကင်းလုံခြုံစိတ်ချရသည့် အာဟာရပြည့်ဝသော စားရေရိက္ခာထုတ်လုပ်ခြင်းဖြစ်စဉ်များ၊ ခိုင်မာသောဈေးကွက် ချိတ်ဆက်တင်ပို့နိုင်မည့်အခွင့်အရေးများစွာဖြင့် ရွှေတံခါးကြီး ပွင့်လာမည့်အချိန်ကာလ၊ ကွင်းလုံးပြည့်စိမ်းလန်းခြင်း နည်းပညာများဖြင့် “မြန်မာ့တောင်သူလယ်သမား ပြည့်ခွန်အား” ပြသနိုင်မှုကို ဂုဏ်ပြုလျက် မတ်လ ၂ ရက်နေ့တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့ အချိန်အခါသမယကို ကြိုဆိုလိုက်ရပါသည်။ ။

> **“ယနေ့ကမ္ဘာတစ်ဝန်းလုံးတွင် စားရေရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစွာရရှိရေး ကြွေးကြော်သံများဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရသည်။ ဆင်းရဲတော်မွတ်မှု တိုက်ဖျက်ရေး လုပ်ငန်းများကိုလည်း ထောင်စုနှစ်ရည်မှန်းချက်များ သတ်မှတ်လျက်ရှိပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (၁၇) ရပ်ပါအတိုင်း ငတ်မွတ်ခေါင်းပါးမှုအဆုံးသတ်ရေး၊ အစားအစာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးစားပေးဆောင်ရွက်မှုများပါဝင်သဖြင့် ဘေးကင်းလုံခြုံသောသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agriculture Practices-GAP)နှင့် အော်ဂဲနစ်စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများကို လေ့ကျင့်ဖော်ဆောင်လျက်ရှိ”**

# တစ်ခုတည်းသောအလုပ်

ပီမိုးနင်း

သူဌေးမြန်မြန်ဖြစ်လိုလျှင် မြန်မြန်ဆင်းရဲတတ်၏။ အလုပ်တစ်ခုအကြောင်းကို အကုန်အစင်နားလည်လျှင် ချမ်းသာကြီးပွားနိုင်၏။ အလုပ်များလျှင် အဘယ်အလုပ်ကိုမျှ အကုန်အစင်နားလည်မည်မဟုတ်ပေ။ အလုပ်တစ်ခုခုကို စွဲ၍လုပ်မှ အကုန်အစင်နားလည်၍ ကြီးပွားနိုင်၏။

အလုပ်၌ စေ့စပ်ရမည်။ ငွေပေးငွေယူမှာ အလွန်မဟုတ်သော်လည်း မလွန်သောရက်ရောခြင်း၊ သဘောကြီးခြင်းရှိရမည်။ စေးနှဲလွန်းကလျှင်မြန်စွာ လူအများသိတတ်၏။ ငွေကို လောဘသက်သက်အတွက် စုခြင်းကတစ်မျိုး အသုံးချဖို့ လောဘသမားသည် ရွှေငွေကို ဘုရားလိုကိုးကွယ်၏။ လူလိမ္မာသည် ငွေကိုလိမ္မာစွာအသုံးပြု၏။ အလှူအိမ်ကျမှ များများစားသူသည် အဘယ်မျှပင် အဖိုးတန်တွေကို ဝတ်သော်လည်း ငွေ၏သခင်မဟုတ်။ ငွေ၏ကျွန်ဥစ္စာစောင့် လူစေးနှဲဟုသိရမည်။ ထိုလူမျိုးသည် အိမ်မှာ အကောင်းကိုမစား၊ အငတ်ခံလျက် ငွေစိတ်နှင့် ဝလင်ဆူဖြိုး၍နေသူများဖြစ်ကြလေသည်။

စည်းစိမ်ဥစ္စာကို အလိုမရှိလောဘရမ္မက်ကင်းဟန်စကားများသည် ဟန်စကားမျှဖြစ်၏။ တရားသဖြင့် ငွေရှာခြင်းသည် ရိုးဖြောင့်တည်ကြည်ခြင်းနှင့် ဉာဏ်စွမ်း၊ ဝီရိယစွမ်း၊ စွဲမြဲခြင်း၊ ရဲရင့်ခြင်း စသည့် သတ္တိများကို တိုးတက်စေသဖြင့် မွန်မြတ်သောအလုပ်ဟူ၍ မှတ်ယူအပ်လေသည်။ အမွေရသောစည်းစိမ်သည် ကိုယ်တိုင်ရှာဖွေ၍ရသော စည်းစိမ်လောက် နှစ်ခြိုက်ကျေနပ်ခြင်းကို မပေးနိုင်ပေ။ ဥစ္စာပစ္စည်းသည် ကြောင့်ကြပူပန်ခြင်းနှင့် အလုပ်ကိုပိုမိုစေသည်ကားမှန်၏။ သို့သော်လည်း ထိုကိစ္စများသည် လူ၏ဘုန်းသမ္ဘာ၊ ကံ၊ ဉာဏ်၊ ဝီရိယ အထုံမျိုးကို တိုးတက်စေသဖြင့် အလွဲမသုံးဖြုန်းသမျှ ဥစ္စာသည် မြတ်သည်။ ဥစ္စာသည် ဂုဏ်၊ ဥစ္စာသည် ကျက်သရေဟုမှတ်ရမည်။

**အမွေရသောစည်းစိမ်သည် ကိုယ်တိုင်ရှာဖွေ၍ရသော စည်းစိမ်လောက် နှစ်ခြိုက်ကျေနပ်ခြင်းကို မပေးနိုင်ပေ။ ဥစ္စာပစ္စည်းသည် ကြောင့်ကြပူပန်ခြင်းနှင့် အလုပ်ကိုပိုမိုစေသည်ကား မှန်၏။ သို့သော်လည်း ထိုကိစ္စများသည် လူ၏ဘုန်းသမ္ဘာ၊ ကံ၊ ဉာဏ်၊ ဝီရိယအထုံမျိုးကို တိုးတက်စေသဖြင့် အလွဲမသုံးဖြုန်းသမျှ ဥစ္စာသည် မြတ်သည်။ ဥစ္စာသည် ဂုဏ်၊ ဥစ္စာသည် ကျက်သရေဟုမှတ်ရမည်**

**အလုပ်၌ စိတ်ဝင်စားရမည်**

အလုပ်အကိုင် အကြံအစည်တို့မှာ ရှေးဦးပထမ မိမိ၏အစွမ်းသတ္တိကို ယုံကြည်ရမည်၊ အားတက်ရမည်၊ ငါလုပ်လျှင်ဖြစ်မည်၊ ဖြစ်အောင်လည်း လုပ်မည်ဟူသော အဓိဋ္ဌာန်ကို နေ့စဉ် မြဲမြံစွာ ပြုရမည်။

ကိုယ်ပိုင်အကြံဉာဏ်၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ကို ပြုရဲသောအကျင့်တစ်ခုရှိစေရမည်။ အချို့ကား သူတစ်ပါးကို အကြံပေးရဲ၏။ ပေးရဲသည့်အတိုင်း သူတစ်ပါးမှာ အကျိုးရှိ၏။ မိမိကိုယ်တိုင်လုပ်ရသည့်အခါ၌ကား မြင်းပွဲတွင် တစ်အများရသူပမာ စမ်းတဝါးဝါး မရဲတရဲဖြစ်၍နေ၏။ သို့ဖြစ်သောကြောင့် မအောင်မမြင်ဖြစ်ကြလေသည်။

မိမိ၏အလုပ်၌ စိတ်လက်ဝင်စားရမည်။ ယခုချက်ချင်းစိတ်ဝင်စားရမည်။ အခါကောင်းမည်ကို မျှော်၍မနေရ။ ယခုချက်ချင်း မလုပ်မဖြစ်လုပ်ရမည်။ မည်သူကိုမျှ ငါမစောင့်ဟူသောစိတ်ကို ထားရမည်။

တစ်ခုခုဖြစ်မြောက်အောင် လုပ်လိုသောစိတ်အားရှိရမည်။ ဖြစ်အောင်လုပ်နိုင်ခြင်း၌ ပျော်ပိုက်ရမည်။ ငါလုပ်လိုက်တာ ဖြစ်သည်ဟူသောအတွေးနှင့် သာယာရမည်။ လေထဲမှာ တိုက်အိမ်ဆောက်တန်ဆောက်ရမည်။ ပေါက်ရောက်လိုသောအခြေအနေကို ထင်မြင်ကာသေချာပေါက်ကို မြင်သည်ထက်မြင်အောင်ရှာရမည်။ မျှော်လင့်ယုံကြည်စိတ်ချ၍နေရမည်။ စိတ်ချသော်လည်း ပေါ့ဆ၍မနေရပေ။ တွက်လေ၊ ကြံလေ၊ နည်းလမ်းအမျိုးမျိုးကို ရှာပါလေ။ ပျော့ညံ့ပေါ့ဆလေလွင့်သူတို့ကို မတုလေနှင့်။ မိမိ၏လမ်းစဉ်ကို တစ်ဆင့်ပြီးတစ်ဆင့် ဖြူးဖြူးကြီးမြင်၍နေရမည်။ ကောင်းစွာမမြင်သေးသမျှ မအေးရ။ မြင်အောင်ထွင်ရမည်။ ထိုသတ္တိတွေ လူတိုင်းမှာရှိ၏။ မသုံးကြပေ။ သတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှကိုသုံးကာ နိုးကြားရမည်။ အစွမ်းထုတ်သလောက် အကျိုးရှိရမည်ဟု ယုံကြည်ရမည်။

Enthusiasm ခေါ်သော ထက်သန်သောစိတ်အားသည် အသင်၏ Power House ခေါ် အားပေးရုံနှင့်တူ၏။ မည်သူ့မှာမဆိုရှိ၏။ အစွမ်းကုန်မသုံးကြပေ။

ငါလုပ်လျှင် ငါဖြစ်၊ ငါမှန်းလျှင် ငါပေါက်မည်ဟု ယုံကြည်ပါ။ အစွမ်းကုန် အကျိုးစီးပွားကို ရရှိခံစားရအောင် စေ့စပ်သေချာသော အကြံဉာဏ်နှင့် စိတ်အားကို ဆောင်ရမည်။

တစ်နေ့ထက်တစ်နေ့ စိတ်အားကို တိုးတက်စေရမည်။ တစ်နေ့ထက်တစ်နေ့ စိတ်အားကိုမယုတ်စေရ၊ အေးဆေး၍လည်း မနေရပေ။ စိတ်အားတိုးတက်သလောက် အောင်မြင်ခြင်း၏အရှိန်သည် ပိုမိုတိုးတက်နိုင်လေသည်။

ယခု မျက်မှောက်ကိစ္စမပြီးသေးမီ နောက်အတွက် အခက်အခဲကို ကြံရ၍မနေရ၊ ယခုကိစ္စရှင်းလင်းလျှင် နောက်တစ်ထစ်ရှင်းလင်းဖို့ရန် လွယ်ကူ၍လာလိမ့်မည်။ အကြံဉာဏ်ကောင်းပါလျက် မကြီးပွားသူတို့သည် စိတ်အားသတ္တိနည်းပါးခြင်းကြောင့်ဖြစ်၏။ စိတ်အားသတ္တိကို ဆုတ်ယုတ်စေမည့်အကျင့်များကို မိမိ၏သန္တာန်၌ တွေ့ရှိက ကုသ၍ ပစ်ရမည်။

ဤအမှားကို ဆင်ခြေဖြင့် အမှန်မလုပ်နှင့်။ မှားသောလမ်းကို ရောက်လျှင် မှန်သောလမ်းကို ပြန်ရမည်။

အသက်ကြီးသောကြောင့် စိတ်ကိုမလျှော့ရ၊ အသက်ခြောက်ဆယ်ကျော်မှ အလုပ်အကြီးအကျယ်တို့ကို လုပ်ကိုင်အောင်မြင်သွားသူတွေ များစွာရှိကြလေသည်။ ။

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

**ရွေးချယ်နိုင်ခွင့်ရှိပါစေ**

"လက်ထဲတွင် လက်ကျန်ငွေရှိသောသူသည် မွဲသွားမည်ကို ကြောက်ရွံ့နေရသောဘေးမှ လွတ်မြောက်သည့်အပြင် အလုပ်အကိုင်ကိုလည်း ရွေးချယ်နိုင်ခွင့်ရှိ၏။ လက်ကျန်ငွေမရှိသောသူမူကား တွေ့ရာအလုပ်ကို လုပ်ရတတ်၏။"

**ဆရာကြီးရွှေဥဒေါင်း(၁၈၈၉-၁၉၇၄)**

ဘဝတစ်လျှောက်တွင် အောင်မြင်ကြီးပွားချမ်းသာရေးအတွက် လူတိုင်းလူတိုင်းက နေ့စဉ်နှင့်အမျှ ကြိုးစားရုန်းကန်လျက်ရှိသည်။ ထိုသို့ကြိုးစားကြရာတွင် လူသားတိုင်း သတိမထားမိသောအချက်လည်း ရှိနေသည်။

ယင်းမှာ အလုပ်ကိုရွေးချယ်နိုင်ခွင့်ပင်။

လူသားတိုင်းသည် "အလုပ်ဟူသမျှဂုဏ်ရှိစွ"ဟူသည့် စကားကို လက်ကိုင်ထားပြီး ရရှိလာသည့်အလုပ်တို့ကို ဝမ်းပန်းတသာလုပ်ကိုင်ခဲ့ကြသည်ချည်းဖြစ်သည်။ ရရှိလာသည့်အလုပ်ဟူသမျှတို့သည် မိမိစိတ်ကြိုက်ရွေးချယ်ရရှိခဲ့သည့် အလုပ်ဖြစ်သည်၊ မဖြစ်သည်ကို ဆန်းစစ်ကြည့်ရန်လိုပေသည်။ အကြောင်းမှာ အလုပ်ကို မိမိက ရွေးချယ်နိုင်ခဲ့သည်လား၊ အလုပ်က မိမိကိုရွေးချယ်ခဲ့သည်လား သိရှိရန်လိုသည်။ ယင်းအချက်သည် အောင်မြင်ကြီးပွားချမ်းသာရေးအတွက် အဓိကအချက်တစ်ချက်လည်းဖြစ်သည်။

ကြီးပွားချမ်းသာရေး၊ အောင်မြင်ရေးအတွက် လူတိုင်းလူတိုင်းက အနာဂတ်မျှော်လင့်ချက်အဖြစ် ထားရှိကာ ကြိုးစားကြရာတွင် အလုပ်ရွေးချယ်မှုသည် များစွာအရေးပါသည်ဖြစ်၍ အလုပ်ကိုစနစ်တကျ ရွေးချယ်တတ်ရန်လိုအပ်သည်။

ကမ္ဘာပေါ်ရှိ အရွယ်အမျိုးမျိုးသောလူသားတိုင်းက ကြီးပွားချမ်းသာမှုနှင့် အောင်မြင်မှုတို့ကို တပ်မက်တောင့်တကြသည့်တိုင် အလုပ်ရွေးချယ်မှုကိုကား အလေးမထားတတ်ကြချေ။

ထို့ကြောင့် အောင်မြင်ကြီးပွားချမ်းသာနိုင်မှုကို ရရှိရေးအတွက် တစ်စိုက်မက်မက်ကြိုးစားလုပ်ဆောင်နေကြသည့်တိုင် အလုပ်၏ မိမိအပေါ် လွှမ်းမိုးမှု၊ အလုပ်ဖိစီးမှု၊ အလုပ်၌ကျွမ်းကျင်မှု၊ စိတ်ပါဝင်စားမှုစသည့် လုပ်ငန်းခွင်ဖြတ်သန်းမှုတို့တွင် ကွာခြားသွားရသည်။ အများစုသောလူသားတိုင်းက အလုပ်ရရှိရေးအတွက်သာ ဦးစားပေးနေရသည်ဖြစ်၍ အလုပ်ကိုရွေးချယ်ခွင့်မရရှိနိုင်ကြသည်ကများသည်။ မိမိလုပ်ကိုင်ရမည့်အလုပ်သည် မိမိနှင့်အံဝင်ခွင်ကျဖြစ်ပါသလားဟူ၍ ဝေဖန်ဆန်းစစ်နိုင်မှုလည်း နည်းပါးကြသည်။



ယင်းမှာ မိမိနှင့်မိမိမိသားစုဝင်တို့၏ ငွေကြေးလိုအပ်ချက်က အားသာနေကြ၍ဖြစ်သည်။ ထို့ကြောင့် ယင်းအချက်ကို အဓိကထားစဉ်းစား၊ တွေးတောတတ်ရမည်ဖြစ်သည်။ မိမိသည် ရရာအလုပ်ကို လုပ်ကိုင်ရသည့်တိုင် ထိုအလုပ်ကို ကျားကုတ်ကျားခဲကြိုးစားလုပ်ကိုင်ကာ ရရှိလာသည့်ဝင်ငွေမည်မျှပင်ဖြစ်စေ စုဆောင်းထိန်းကျောင်းနိုင်မှုသည် ကြွယ်ဝချမ်းသာလာမှု၏ အခရာဖြစ်သည်။

"ချွေတာစုဆောင်းသူဌေးလောင်း"ဟု မြန်မာဆိုရိုးစကားလည်း ရှိပေသည်။ သို့ဖြစ်၍ အောင်မြင်ကြီးပွားချမ်းသာလိုသူတိုင်းက ငွေကြေးစီမံခန့်ခွဲမှုကို ကောင်းစွာဦးစီးလုပ်ဆောင်နိုင်ရန် အရေးပါလှသည်။

"သင့်ဝင်ငွေ၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်းမှ ၂၀ ရခိုင်နှုန်းအထိ စုဆောင်းပါ။ ယင်းသို့ မစုဆောင်းနိုင်လျှင် အနည်းဆုံးအချိန်ပို အလုပ်လုပ်ပါ" ဟူ၍ ဗြိတိန်နှင့် အိန္ဒိယစာရေးဆရာကြီး အမ်၊ အက်စ်၊ ရက်ဒီ (၁၉၂၄- ၂၀၁၁) က ရေးသားလမ်းညွှန်ထားသကဲ့သို့ မြန်မာစာရေးဆရာကြီး ရွှေဥဒေါင်းကလည်း ငွေကြေးရှာဖွေသုံးစွဲမှု၊ ငွေကြေးစုဆောင်းမှုတို့နှင့်ပတ်သက်၍ လမ်းညွှန်ရေးသားထားမှုများစွာရှိပါသည်။

"အရမ်းသုံးဖြုန်းတတ်သောသူသည် မွဲမည်ကိုစိုးရိမ်ရသောဘေးမှ မလွတ်သောကြောင့် မကြီးပွားနိုင်ချေ။ ဝင်ငွေ၏ တချို့တစ်ဝက်ကို စုဆောင်းလေတတ်သော အကျင့်တစ်ခုရှိရမည်" မြန်မာစာရေးဆရာကြီး ရွှေဥဒေါင်း၏ ရေးသားလမ်းညွှန်ခဲ့မှုပင်ဖြစ်သည်။

ထို့ကြောင့် ဝင်ငွေရသမျှအနေအထားမှ ခြိုးခြံချွေတာစုဆောင်းမှု အနည်းအများပေါ်မူတည်ကာ ငွေကြေးပိုင်ဆိုင်နိုင်မှုသည်လည်း သိသာစွာကွာခြားလာရသည်။ သို့ဖြစ်၍ ငွေကို ဖြုန်းတီးမှု မဖြစ်စေရန် သတိထားကာ စုဆောင်းမှု၊ ချွေတာမှုတို့မှ တစ်စတစ်စဖြင့် ငွေကြေးလက်ဝယ်ပိုင်ဆိုင်နိုင်မှုအင်အားသည်လည်း ပိုမိုမြင့်မားလာမည်ဖြစ်သည်။ ယင်းအနေအထားမှသည် ကြီးပွားချမ်းသာမှုလမ်းကြောင်းပေါ်သို့ တွန်းတင်ပေးလိုက်နိုင်သည်အထိ ဖြစ်လာနိုင်ပေသည်။

"လက်ထဲတွင် လက်ကျန်ငွေရှိသောသူသည် မွဲသွားမည်ကို ကြောက်ရွံ့နေရသောဘေးမှ လွတ်မြောက်သည့်အပြင် အလုပ်အကိုင်ကိုလည်း ရွေးချယ်နိုင်ခွင့်ရှိ၏။ လက်ကျန်ငွေမရှိသောသူမူကား တွေ့ရာအလုပ်ကို လုပ်ရတတ်၏။" ဟူ၍ မြန်မာစာရေးဆရာကြီးရွှေဥဒေါင်းက အတိအလင်းရေးသားဖော်ပြလမ်းညွှန်ပေးထားသည်ဖြစ်ရာ အောင်မြင်ကြီးပွားချမ်းသာလိုသော ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် ပြည်တွင်းပြည်ပစာရေးဆရာကြီးများ၏ ရေးသားလမ်းညွှန်မှုများကို လိုက်နာကျင့်ဆောင်နိုင်ကြရန်လိုပေသည်။ သို့မှသာ ဘဝတွင် အောင်မြင်ကြီးပွားချမ်းသာသူများ ရရှိပိုင်ဆိုင်လာနိုင်မည် ဖြစ်ပေတော့သည်။ ။

■

# မြင့်မြင့်မားမားအောင်မြင်ချင်သလား

မောင်ထူးချွန်

အောင်မြင်မှုကိုတော့ မောင်တို့ မယ်တို့ အပါအဝင် လူတိုင်းလူတိုင်းက လိုလားကြမှာပါပဲ။ အောင်မြင်သူလည်း ဖြစ်ချင်ကြမှာပါပဲ။ ဒီလို အောင်မြင်တယ်ဆိုတဲ့နေရာမှာ ဘယ်လိုအောင်မြင်မှုမျိုးကို လိုလားတာလဲ။ ဘယ်လောက်အထိ အောင်မြင်ချင်တာလဲ။ မေးစရာရှိပါတယ်။

မြင့်မြင့်မားမား အောင်မြင်ချင်သလား။ မြင့်မြင့်မားမား အောင်မြင်သူဖြစ်ချင်သလား။ အောင်မြင်မှုဆိုတာတွေကလည်း အမျိုးမျိုးကွဲပြားခြားနားတဲ့အမြင်နဲ့ ပြောဆိုနေကြတာမို့ အောင်မြင်မှုရဲ့ အတိုင်းအဆကိုဆိုရာမှာ မြင့်မြင့်မားမား အောင်မြင်ဖို့လည်း လိုအပ်တာပေါ့ကွယ်။



အောင်မြင်မှုဆိုတာ အမျိုးမျိုးအထွေထွေရှိနေနိုင်ပါတယ်။

၁။ ငွေကြေးချမ်းသာကြွယ်ဝတာ အောင်မြင်မှုလား။
၂။ နာမည်ကျော်ကြားထင်ရှားတာ အောင်မြင်မှုလား။
၃။ မိတ်ဆွေသင်္ဂဟ၊ ချစ်သူခင်သူတွေ ပေါများတာ အောင်မြင်မှုလား။
၄။ ကိုယ်စားချင်တာ စားရ၊ ကိုယ်သွားချင်တာ သွားနိုင်၊ ကိုယ်နေထိုင်ချင်သလို နေထိုင်ရရင်ကော အဲဒါအောင်မြင်မှုလား။
၅။ ရာထူးရာခံ၊ လုပ်ပိုင်ခွင့်အာဏာပါဝါရှိလာခြင်းဟာ အောင်မြင်မှုလား။
၆။ ကိုယ်ယုံကြည်ရာ၊ ကိုယ်လုပ်ချင်တာကို စိတ်ပါလက်ပါ ဖန်တီးလုပ်ဆောင်ခွင့်ရတာဟာ အောင်မြင်မှုလား။

နယ်ပယ်အလိုက် အောင်မြင်မှုဆိုတဲ့အရာတစ်ခုဟာ အဓိပ္ပာယ်အမျိုးမျိုးကွဲပြားနိုင်ပါတယ်။ ဘယ်လိုပင်ကွဲပြားနေပါစေ၊ အောင်မြင်မှုက အဓိကပါပဲ။ မိမိနယ်ပယ်အလိုက် အောင်မြင်မှုဆိုတာကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်သလို အောင်မြင်မှုအတိမ်အနက်အရ စည်းစိမ်ဥစ္စာ ကြွယ်ဝပိုင်ဆိုင်မှုဟာလည်း ကွာခြားသွားပေမပေါ့။

ဒါကြောင့် မြင့်မြင့်မားမားအောင်မြင်မှုဟာ အောင်မြင်မှုရဲ့အထွတ်အထိပ်ပါပဲ။ အောင်မြင်မှုနဲ့ တိုးတက်ကြီးပွားမှုဟာ တိုက်ရိုက်အချိုးကျနေတာပေါ့ကွယ်။

တိုးတက်ကြီးပွားခြင်းအမျိုးအစား လေးမျိုးအကြောင်း မှတ်သားဖူးပါတယ်။

၁။ ငွေကြေးဥစ္စာစည်းစိမ်ပြည့်စုံခြင်း
၂။ ဆွေမျိုးမိတ်ဆွေ အခြံအရံများ များခြင်း
၃။ ဩဇာအာဏာ ဂုဏ်သတင်း ထင်ရှားခြင်း
၄။ ကိုယ်ကျင့်တရား သီလစင်ကြယ်ခြင်းတို့ ပေါ့ကွယ်။

တိုးတက်ကြီးပွားခြင်း လေးမျိုးအနက် နောက်ဆုံးဖြစ်တဲ့ 'စာရိတ္တကိုယ်ကျင့်သီလ ဖြူစင်မြင့်မြတ်ခြင်း'အရာမှာ တိုးတက်ကြီးပွားခြင်းကသာ လူတစ်ယောက်ရဲ့ဘဝမှာ တန်ဖိုးအမြင့်ဆုံးပါပဲ။ ဒါဟာ လူတိုင်းသိထားသင့်တဲ့ ဦးစားပေးအစီအစဉ်ပါပဲ။ အနှစ်သာရအစစ်အမှန်ပါပဲ။

လူတချို့ဟာ အကာကို အနှစ်ထင်ပြီးရှာဖွေနေတတ်တယ်။ ရေလိုက်လွဲနေတတ်ပါတယ်။ တန်ဖိုးမရှိတာအတွက်နဲ့ပဲ အချိန်တွေ၊ အသက်အရွယ်တွေ မကုန်ဆုံးမိစေဖို့နဲ့ မဖြုန်းတီးမိစေဖို့ သတိရှိရမယ်။

တိုးတက်ကြီးပွားခြင်းအမျိုးအစား လေးပါးရှိသလို ဆုတ်ယုတ်ပျက်ပြားခြင်းအမျိုးအစားလည်း လေးမျိုးရှိတယ်ကွယ့်။

၁။ ဥစ္စာစည်းစိမ်ငွေကြေး ဆုံးရှုံးခြင်း
၂။ မိတ်ဆွေအခြံအရံ ဆုံးရှုံးခြင်း
၃။ ဩဇာအာဏာပေါ်လွင်မှု ဆုံးရှုံးခြင်း
၄။ ကိုယ်ကျင့်စာရိတ္တကျင့်ဝတ် ဆုံးရှုံးခြင်းတို့ပါပဲ။

ဒီနေရာမှာလည်း ဆုတ်ယုတ်ပျက်ပြားခြင်း နောက်ဆုံးအချက်ဟာ လူတစ်ယောက်ရဲ့ဘဝမှာ အကြီးမားဆုံးသော ထိခိုက်နစ်နာမှုပါပဲ။ ဒါကို မိမိကိုယ်တိုင် ထိန်းကျောင်းစောင့်ရှောက်ရမှာ ပေါ့ကွယ်။

ဘယ်လိုအမျိုးအစား အောင်မြင်မှုပဲဖြစ်ဖြစ် အောင်မြင်ခြင်းတရားဟာ သေသေချာချာ၊ ကြိုးကြိုးစားစား နည်းစနစ်မှန်မှန်နဲ့ ပြင်ဆင်မှုရှိဖို့တော့လိုတယ်။ ကြိုတင်ပြင်ဆင်မှုရှိဖို့တော့ လိုတာပေါ့။

ဒါကြောင့် ကြိုတင်ပြင်ဆင်ထားမှုက အခရာကျတယ်။

သူတကာထက် လျင်လျင်မြန်မြန်နဲ့ မြင့်မြင့်မားမားအောင်မြင်ချင်ရင်တော့ လိုက်နာကျင့်သုံးရမယ့် စက်လေးပါးဆိုတဲ့ အခြင်းအရာလေးပါးကို မြတ်စွာဘုရားရှင်က ဟောကြားတော်မူထားတယ်။

၁။ သင့်တင့်လျောက်ပတ် ကောင်းမြတ်တဲ့ အရပ်မှာနေရခြင်း၊
၂။ ရှေးရှေးကပြုခဲ့ဖူးတဲ့ကောင်းမှု အထူးရှိခြင်း၊
၃။ မိမိကိုယ်ကို ကောင်းစွာစောင့်ထိန်းစောင့်ရှောက်တတ်ခြင်း၊
၄။ ဆရာကောင်း၊ မိဘကောင်း၊ မိတ်ဆွေကောင်း၊ ပတ်ဝန်းကျင်ကောင်းရရှိခြင်းတို့ပါပဲ။

အောင်မြင်မှုဆိုတာ ခရီးတစ်ခုပါပဲ။ အခြေခံကျတဲ့ အချက်အလက်လေးမျိုးကို မိမိနဲ့တစ်ပါတည်း ယူဆောင်သွားမယ်ဆိုရင် ကိုယ်တိုင်က ပိုပြီးထိရောက်အောင်မြင်မှာပဲပေါ့။ အခက်အခဲ အနည်းဆုံးနဲ့ အစောဆုံးအောင်မြင်မှုကို အမြင့်မားဆုံး ရရှိနိုင်မှာပေါ့ကွယ်။

ဘာမဆို နည်းမသိရင် ခက်ခဲတယ်။ နည်းသိရင်တော့ အလွယ်လေးပါပဲ။

ဒါကြောင့် အောင်မြင်မှုဆိုင်ရာနည်းနာတွေကို လိုက်နာကျင့်သုံးနိုင်ခြင်းအားဖြင့် မောင်တို့မယ်တို့ အပါအဝင် ကြီးပွားအောင်မြင်လိုကြသူတိုင်းဟာ မြင့်မြင့်မားမား အောင်မြင်သူဖြစ်လာတော့မှာ ပေါ့ကွယ်။ ။

# ကတိကဝတ် အင်အား

အောင်မြတ်စည်သူ

သင့်ကိုယ်သင် မြှင့်တင်ရန်အတွက် ကြောက်လန့်ဖွယ်ကောင်းသလို ထိရောက်သော နည်းလမ်းတစ်ရပ်ကား မဖြစ်နိုင်သည့် ကတိကဝတ်ပြုခြင်းပင်ဖြစ်သည်။ ကိုယ်ရေး သို့မဟုတ် လုပ်ငန်းသဘာဝအရ သင်အလေးထားသော လူတစ်ယောက်ထံသို့သွားရောက်၍ သူတို့ကို အမှန်တကယ် ကြီးကြီးကျယ်ကျယ် ကတိပြုရန်ဖြစ်သည်။

ဖြစ်ထွန်းရန်အတွက် သင်အစွမ်းကောင်း ကြံဆကြိုးပမ်းရမည့်ကိစ္စကြီးတစ်ရပ် ဆောင်ရွက်ပေးမည်ဟု ကတိပြုရန်ပင်ဖြစ်သည်။

သမ္မတ ဂျွန်ကနေဒီက အမေရိကန်နိုင်ငံအနေဖြင့် လပေါ်တွင်လူတစ်ယောက်တင်ပေးမည်ဟု ကတိပြုလိုက်သောအခါ ထိုကြက်သီးမွေးညင်းထဖွယ်ကောင်းလှသော ကတိကဝတ်ပြုချက်တစ်ခုတည်းသည်ပင်လျှင် အံ့ဩဖွယ်ရာလုပ်ရပ်အထမြောက်သည်အထိ NASA ကို ခွန်အားပြည့်ဝစေခဲ့သည်။

အပိုလို-၁၃ ခရီးစဉ်အကြောင်း ရေးသားထားသော Lost Moon စာအုပ်တွင် အာကာသယာဉ်မှူးဂျင်းလိုဗယ်လ်သည် ကနေဒီ၏ မူလကတိကို "ပေါက်ပေါက်ရှာရှာ"ဟု ဆိုညွှန်းခဲ့သည်။ သို့သော် ပေါက်ပေါက်ရှာရှာအတွေးက မည်မျှထိရောက်နိုင်ကြောင်းကို ဖော်ကျူးပြသခဲ့သည်။

သူ၏စာအုပ် Passion၊ Profit and Power တွင် စာရေးဆရာ မာရှယ်လ်ဆီလ်ဗီရာသည် စီးကရက်ဖြတ်ချင်သော ကာစီနိုလောင်းကစားဒိုင်တစ်ခု၏ ပိုင်ရှင်က လတ်စ်ဗီဂတ်စ်တွင် တည်ထားခဲ့သောဆိုင်းဘုတ်ကို မြင်တွေ့ခဲ့ရခြင်းကို ပြန်ပြောင်းအမှတ်ရခဲ့သည်။

ဆိုင်းဘုတ်တွင် အောက်ပါအတိုင်းရေးသားထားခဲ့သည်။

"နောက် ရက်ပေါင်းကိုးဆယ်ကာလအတွင်းတွင် ကျွန်တော် စီးကရက်သောက်နေသည်ကို သင်မြင်တွေ့မိပါက ကျွန်တော် သင့်ကို ဒေါ်လာ ၁၀၀၀၀၀ ပေးမည်" ထိုကတိကဝတ်တွင် အင်အားကို သင်မြင်ပါသလား။

လွန်ခဲ့သောနှစ်နှစ်ခန့်က ကျွန်တော်သည် ကျွန်တော့်ကလေးများကို မစ်ချီဂန်ပြည်နယ်ရှိ နွေရာသီစခန်းသို့ ပို့ဆောင်ပေးမည်ဟု ကတိပြုခဲ့သည်။ သူတို့သည် ထရာဗစ်စီးတီးအနီးရှိ စခန်းသို့ ယခင်က သွားရောက်ဖူးခဲ့ပြီး အတော်နှစ်ခြိုက်ခဲ့သည်။

အာရီဇိုးနားပြည်နယ်တွင် တစ်နှစ်တာလုံး သင်နေထိုင်ပြီးသောအခါတွင် မက်ချီဂန်မြောက်ပိုင်းရေပြင်နှင့် အမြဲစိမ်းတောများသည် ညို့ဆွဲအားပြင်းတတ်သည်။ အတော်ပင်ကြေးကြီးသောစခန်းဖြစ်သော်လည်း ကျွန်တော်ကတိပြုလိုက်ချိန်တွင် ငွေရေးကြေးရေးအရ အတော်အဆင်ပြေနေခဲ့ပြီး သူတို့အားလုံးသွားနိုင်ပေမည်ဟု ကျွန်တော် ယုံကြည်ခဲ့သည်။ သို့သော် နွေရာသီနီးလာသည်နှင့်အမျှ ကျွန်တော်ငွေကြေးပြတ်လပ်လာပြီး ကျွန်တော့်ဦးစားပေးအရေးများကို ပြန်လည်စီစဉ်ခဲ့ရသည်။

ကျွန်တော်၏ အရောင်းကော်မရှင်များစွာကို စကားပြောဟောရေးအစီအစဉ်များ အစားထိုးခဲ့ပြီး စခန်းသွားရန်ကိစ္စ ဖြစ်နိုင်ခြေမရှိပုံပေါက်လာခဲ့သည်။ ထိုစဉ်ကာလ အသက်ရှစ်နှစ်အရွယ်ရှိသော ကျွန်တော့်သား ဘော်ဘီအား လတ်တလော ငွေကြေးခက်ခဲနေသောကြောင့် သည်နှစ်တွင် နွေရာသီစခန်းသွားရန် အခြေအနေမကောင်းကြောင်း ကျွန်တော်ပြောပြခဲ့သည်ကို ကောင်းစွာမှတ်မိပါသည်။ သူသည် ကား၏ရှေ့ထိုင်ခုံတွင် ရှိနေခဲ့ပြီး သူ့မျက်နှာအကြည့်ကို ကျွန်တော် သေသည့်တိုင် မေ့မည်မဟုတ်ချေ။ သူက တိုးညင်းသာလှသောကြောင့် ကျွန်တော်ပျပျသာကြားနိုင်သောအသံဖြင့် "အဖေက ကတိပေးခဲ့တယ်"ဟု ပြောလိုက်သည်။ သူ့စကားမှန်သည်။

ကျွန်တော် ကြိုးစားကြည့်မည်ဟု မပြောခဲ့ချေ။ ပန်းတိုင်တစ်ခုအဖြစ် လျာထားရမည်ဟု မဆိုခဲ့ချေ။ ကျွန်တော် ကတိပြုခဲ့လိုက်သည်။ ထိုသို့ ကျွန်တော် ကတိပြုခဲ့သည်ဟူသော ခံစားချက်က စိတ်ကို ဖိစီးလွှမ်းမိုးခဲ့သောကြောင့် နောက်ဆုံးတွင် ကျွန်တော် သူ့ကိုပြောလိုက်သည်။

"ဟုတ်တယ်...ဖေဖေ ကတိပေးခဲ့တယ်။ ဖေဖေ ကတိပေးခဲ့တာဆိုတာ သားက သတိပေးလိုက်တဲ့အတွက် သားနွေရာသီစခန်း သွားကိုသွားရမယ်။ ဖေဖေ အခုပြောလိုက်မယ်။ ဘာပဲဖြစ်ဖြစ်.. ဖေဖေ လိုတာကို လုပ်ပေးမယ်။ ကတိပေးထားတာမှန်း ဖေဖေမေ့သွားတဲ့အတွက် တောင်းပန်ပါတယ်"

ကျွန်တော် ပထမဦးဆုံး လုပ်လိုက်သည့်အချက်ကား အလုပ်ပြောင်းခြင်းဖြစ်ပြီး ကျွန်တော် အလုပ်သစ်လက်ခံသည့်အတွက် ဆုကြေးအဖြစ် ကျွန်တော့်တောင်းဆိုချက်သည် ကျွန်တော့်ကလေးများကို နွေရာသီစခန်းသို့ ပို့ဆောင်ရန်အတွက် လိုငွေနှင့်ပမာဏတူရေးပင်ဖြစ်ခဲ့သည်။ အထမြောက်သွားခဲ့သည်။ ။


Ref: Power of commitment by Steve Chandler

## ရွှေဘိုဈေးကွက်အတွင်း ကုလားပဲများ စတင်ဝင်ရောက်

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ကုလားပဲ(ဆောင်း)များ စိုက်ပျိုးလျက်ရှိပြီး ရွှေဘိုမြို့နယ်တွင် ၄၉၆၉ ဧက၊ ဝက်လက်မြို့နယ်တွင် ၅၆၈၈ ဧကနှင့် ခင်ဦးမြို့နယ်တွင် ၂၄၄၇ ဧကစိုက်ပျိုးထားရှိရာ ဝက်လက်မြို့နယ်တွင် တစ်ခရိုင်လုံး စိုက်ဧက၏ ၈၈ ရာခိုင်နှုန်းကျော် အများဆုံးစိုက်ပျိုးကြောင်း၊ ယခု အချိန်တွင် စိုက်ပျိုးထားသည့် ကုလားပဲများ စတင်ရိတ်သိမ်းလျက်ရှိပြီး ဖေဖော်ဝါရီလ ဒုတိယပတ်အထိ ၆၀၉၀၇ ဧက ရိတ်သိမ်းပြီးစီးကြောင်း၊ တစ်ဧက အထွက်နှုန်း ၂၄ တင်းကျော် ထွက်ရှိကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရသည်။

ရွှေဘိုဈေးကွက်အတွင်း ရိတ်သိမ်းပြီး ကုလားပဲများ ဖေဖော်ဝါရီလ တတိယပတ်တွင် စတင်ဝင်ရောက်လာလျက်ရှိရာ ဝက်လက်မြို့နယ်အတွင်းရှိ ကျောက်တိုင်ကျေးရွာနှင့် မင်းကျီကျေးရွာများမှ အများဆုံးဝင်ရောက်လျက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ကုလားပဲတစ်တင်းလျှင် ကျပ် ၆၃၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ကာ ရွှေဘိုဈေးကွက်သို့ တစ်ပတ်လျှင် ကုလားပဲဝင်ရောက်မှု တင်း ၁၃၅၀၊



တန်အားဖြင့် ၄၂ တန် ဝင်ရောက်လျက်ရှိကြောင်း၊ ရွှေဘိုမြို့တွင် ကုလားပဲအခွံ ခွျတ်သည့်စက် မရှိသေးသည့်အတွက် မန္တလေးသို့ တင်ပို့ရောင်းချမှုများပြားသော်လည်း လက်ရှိအချိန်တွင် ကုန်သည်အများစုအနေဖြင့် ဝယ်ယူရရှိသည့် ကုလားပဲများကို အခြားဒေသများသို့ ပြန်လည်ရောင်းချခြင်းမပြုဘဲ လက်ဝယ်ထားရှိကြကြောင်း ရွှေဘိုမြို့ ပဲ၊ နှမ်း ကုန်စည်ဒိုင်များမှ သိရသည်။

## ရာဝတီတိုင်းဒေသကြီး၏ ပြည်ပပို့ကုန် သီဟိုဠ်ဈေးကွက် ဈေးအနည်းငယ် မြင့်တက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသထွက်ကုန်သီးနှံတစ်မျိုးဖြစ်သည့် ပြည်ပပို့ကုန် သီဟိုဠ်ဈေးကွက်သည် ဖေဖော်ဝါရီလတတိယပတ်မှစတင်၍ ဈေးကွက်အတွင်းသို့ဝင်ရောက်လျက်ရှိပြီး မတ်လပိုင်းတွင် သီဟိုဠ်လှိုင်လှိုင်ပေါ်ထွက်မည်ဖြစ်ကြောင်း၊ သီဟိုဠ်ရာသီသည် မိုးမရွာခင်အချိန်အထိ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ရာဝတီတိုင်းဒေသကြီးအတွင်း သီဟိုဠ်စိုက်ဧက ၆၅၀၀၀ ခန့်ရှိပြီး မြောင်းမြခရိုင်၊ ဟင်္သာတခရိုင်နှင့် လပွတ္တာခရိုင်အပါအဝင် ပုသိမ်ခရိုင်အတွင်းရှိ ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်နှင့် ပင်လယ်ကမ်းခြေ ချောင်းသာ၊ ငွေဆောင်ဒေသတို့တွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ပုသိမ်မြို့ပေါ်တွင် သီဟိုဠ်စေ့ကုန်ကြမ်းဝယ်ယူသည့် ဒိုင်များမှ ရန်ကုန်သို့တင်ပို့၍ ရန်ကုန်မှတစ်ဆင့် ကုန်ချောများပြုလုပ်ကာ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း အဝယ်ဒိုင်များမှ သိရသည်။

ယခင်နှစ် သီဟိုဠ်ပေါ်ချိန်တွင် တစ်ပိဿာ ကျပ် ၃၂၀၀-၃၃၀၀ ဈေးနှုန်းသာရှိသော်လည်း ယခုနှစ်တွင် သီဟိုဠ် တစ်ပိဿာ ကျပ် ၄၂၀၀-၄၃၀၀ အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိသည့်အတွက် သီဟိုဠ်စိုက်တောင်သူများ ယခင်နှစ်ထက် ဈေးပိုမိုရရှိ၍ တွက်ခြေကိုက်လျက်ရှိကြောင်းနှင့် အချို့မြို့နယ်များတွင် သီဟိုဠ်အရည်အသွေးကွာခြားမှုပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိနိုင်ကြောင်း သိရသည်။

## ရာဝတီတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးနှင့် ပဲတီစိမ်း စိုက်ပျိုး

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရာဝတီတိုင်းဒေသကြီးတွင် နိုင်ငံ၏ စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟူသော မူဝါဒနှင့်အညီ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်၍ တစ်ဦးချင်းဝင်ငွေ တိုးတက်စေရန်အတွက် နိုင်ငံ့ စီးပွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်ကာ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် နွေစပါးသီးနှံ ဧက ၄၀၆၀၀၀၊ ကျပ်ငွေ နှစ်သိန်းနှင့်ညီမျှသော ယူရီးယားဓာတ်မြေဩဇာ နှစ်အိတ်၊ ဆောင်းပဲတီစိမ်း ဧက ၁၅၀၀၀၀ အား တစ်ဧကလျှင် ငွေကျပ် ၁၂၀၀၀၀ နှင့်ညီမျှသော ရွက်ဖျန်းပိုးသတ်ဆေးများကို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စီမံကိန်း၌ပါဝင်သော တောင်သူအစုအဖွဲ့အားလုံးအတွက် သွင်းအားစုများကို ထည့်သွင်းအသုံးပြုရန် စီမံပေးခြင်းဖြစ်၍ တစ်ဧကအထွက်နှုန်းများ တိုးတက်လာစေခြင်း၊ ဈေးနှုန်းဈေးကွက်သေချာခြင်း၊ တောင်သူများဝင်ငွေပိုမိုရရှိသဖြင့် နိုင်ငံ့စီးပွား တိုးတက်မြင့်မားလာခြင်း၊ တောင်သူများအားလုံး အကျိုးအမြတ်ပိုမိုရရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာ၍ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြည်ပဈေးကွက်သို့ ပိုမိုချိတ်ဆက်မှုရရှိစေခြင်းနှင့် ပူးပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများ ရရှိလာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိခံစားစေမည်ဖြစ်ကြောင်း သိရသည်။

ရာဝတီတိုင်းဒေသကြီးတွင် ယခုနှစ် နွေစပါးစိုက်ပျိုးရန် လျာထားဧက ၄၀၆၀၀၀ အနက် ယခုအချိန်ထိ ဧက ၃၇၀၈၀ ရာခိုင်နှုန်းအားဖြင့် ၉၁ ဒသမ ၃၃ ရာခိုင်နှုန်းနှင့် ပဲတီစိမ်းစိုက်ပျိုးရန် လျာထားဧက ၁၅၀၀၀၀ အနက် ၁၀၉၂၂၇ ဧက ရာခိုင်နှုန်းအားဖြင့် ၇၂ ဒသမ ၈၂ ရာခိုင်နှုန်း စိုက်ပျိုးထားပြီးဖြစ်ကြောင်း၊ ကျန်ဧကများကိုလည်း လျာထားချက်ပြည့်မီအောင် ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

## 37th International Food & Hospitality Fair သို့ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ကြား

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Pragati Maidan ၌ အိန္ဒိယနိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့(ITPO)နှင့် အိန္ဒိယနိုင်ငံ စားသောက်ကုန်လုပ်ငန်းများဝန်ကြီးဌာနတို့၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၂၃ ခုနှစ် မတ် ၁၄ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် 37th International Food & Hospitality Fair သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ပြသနိုင်ကြောင်း ဖိတ်ကြားလာသည်။

ယခုပြပွဲသည် မကြာသေးမီနှစ်များအတွင်း အရှိန်အဟုန်ကြီးမားလာပြီး နိုင်ငံတကာ လှည့်လည်ရောင်းချသူများ စုဝေးရာ လူသိများသော နေရာတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ စားသောက်ကုန်ထုတ်လုပ်ရေးနှင့် အဖျော်ယမကာလုပ်ငန်းရှင်များ၊ ကုန်ပစ္စည်းဝယ်ယူလိုသည့် လုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များ ပါဝင်ပြသခြင်းဖြင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်တွေ့ဆုံမှုများနှင့် ဆွေးနွေးပွဲများဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း ၀၆၇-၄၀၈၆၂၂ ၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်ချိတ်ဆက်နိုင်ကြောင်း သိရသည်။

## ၂၇-၂-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၇၀၀ | | ၁၅၀၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၂၃၀၀ | ၇၀၀၀ | ၄၂၀၀ | ၃၅၀၀ | ၂၃၀၀ | ၁၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၈၅၀၀၀၀ |
| ၂ | လားရှိုး | ၂၂၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၇၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၈၄၈၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၇၅၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၅၃၀၀ | | ၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၄၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၉၀၀၀ | ၂၈၂၀၀၀၀ |
| ၄ | တောင်ကြီး | ၂၄၀၀ | ၂၂၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၉၀၀၀ | ၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၆၀၀ | ၉၀၀၀ | ၄၈၀၀ | ၅၀၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၅၀၀ | ၁၆၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၈၅၀၀ | ၂၇၇၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၄၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၃၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၁၈၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၇၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၂၈၆၀၀၀၀ |
| ၆ | ဘားအံ | ၂၁၀၀ | | ၁၂၀၀၀ | ၆၈၀၀ | ၁၅၀၀၀ | ၁၈၀၀ | ၆၀၀၀ | ၄၄၀၀ | ၅၀၀၀ | ၂၅၀၀ | ၆၀၀ | ၇၀၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၈၄၂၀၀၀ |
| ၇ | မော်လမြိုင် | ၂၅၀၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၃၂၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၇၀၀၀ | ၁၆၀၀ | ၄၅၀၀ | ၄၈၀၀ | ၄၂၀၀ | ၁၈၀၀ | ၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | | ၂၈၃၈၀၀၀ |
| ၉ | မြိတ် | ၂၆၅၀ | | ၁၅၀၀၀ | ၆၇၀၀ | ၁၆၀၀၀ | ၁၇၀၀ | ၆၆၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၆၀၀ | ၈၀၀ | ၆၇၀၀ | ၅၃၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | | ၂၈၃၂၀၀၀ |
| ၁၀ | ရန်ကုန် | ၂၂၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀ | ၇၀၀၀ | ၅၅၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၇၉၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၂၅၀ | | ၁၃၅၀၀ | ၇၄၀၀ | ၁၁၅၀၀ | ၁၅၀၀ | ၅၀၀၀ | ၄၁၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၄၀၀ | ၂၅၀၀ | ၈၅၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၇၈၀၀၀၀ |
| ၁၂ | စစ်တွေ | ၂၄၀၀ | ၂၀၀၀ | ၁၃၅၀၀ | ၇၅၀၀ | ၁၇၀၀၀ | ၂၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၆၀၀ | ၇၈၀၀ | ၄၆၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၈၇၀၀၀၀ |
| ၁၃ | ဟားခါး | ၃၃၀၀ | | ၁၆၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၀၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၉၀၀၀ | ၂၉၀၀၀၀၀ |
| ၁၄ | မုံရွာ | ၃၂၀၀ | | ၁၂၀၀၀ | ၇၈၀၀ | ၁၉၀၀၀ | ၁၈၀၀ | ၆၀၀၀ | ၅၃၀၀ | ၅၃၀၀ | ၁၇၀၀ | ၇၀၀ | ၆၃၅၀ | ၆၄၀၀ | ၄၃၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၇၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၃၀၀ | ၁၇၅၀ | ၁၂၅၀၀ | ၇၇၀၀ | ၂၀၀၀၀ | ၁၈၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၇၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၇၉၂၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၁၁၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၁၇၀၀ | ၆၅၀၀ | ၅၂၀၀ | ၆၀၀၀ | ၁၉၀၀ | ၆၀၀ | ၇၀၀၀ | ၅၆၀၀ | ၄၀၀၀ | ၂၃၀၀ | ၃၂၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၈၆၀၀၀၀ |
| ၁၇ | မကွေး | ၂၅၅၀ | | ၁၁၀၀၀ | ၆၉၀၀ | ၁၈၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၈၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၈၄၆၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၂၅၀၀ | ၇၆၀၀ | ၂၅၀၀၀ | ၁၄၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၈၅၅၀၀၀ |
| ၁၉ | ပဲခူး | ၂၄၀၀ | | ၁၃၅၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၁၆၀၀ | ၅၀၀၀ | ၄၅၀၀ | | ၂၀၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၉၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၄၀၀ | | ၁၄၀၀၀ | ၇၂၀၀ | ၁၄၀၀၀ | ၁၄၀၀ | ၅၂၀၀ | ၄၄၀၀ | ၄၀၀၀ | ၂၂၀၀ | ၅၀၀ | ၇၂၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၂၈၆၅၀၀၀ |
| ၂၁ | နေပြည်တော် | ၂၄၀၀ | | ၁၄၅၀၀ | ၇၂၀၀ | ၁၅၀၀၀ | ၁၆၀၀ | ၅၄၀၀ | ၄၄၀၀ | ၄၂၀၀ | ၂၄၀၀ | ၅၀၀ | ၇၅၀၀ | ၄၆၀၀ | ၄၂၀၀ | ၂၆၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၂၈၆၅၀၀၀ |
| ၂၂ | ကလေး | ၂၃၀၀ | ၂၁၀၀ | ၁၂၀၀၀ | ၇၉၀၀ | | ၁၈၀၀ | ၄၀၀၀ | ၅၀၀၀ | | ၁၅၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၂၈၇၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် လားရှိုးတွင် ၁၀၀ကျပ်၊ ငစိန်ဆန် တစ်ပြည်လျှင် မန္တလေးတွင် ၁၅၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၂၀၀ကျပ်၊ တောင်ကြီးတွင် ၅၀၀ကျပ်၊ ပုသိမ်၊ ပျဉ်းမနား နှင့် နေပြည်တော်တွင် ၄၀၀ကျပ်၊ မုံရွာတွင် ၁၅၀ကျပ် ၊ မန္တလေး၊ ပြည်နှင့် ကလေးတွင် ၁၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် လွိုင်ကော်နှင့် ထားဝယ်တွင် ၁၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ပခုက္ကူတွင် ၅၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၄၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ပခုက္ကူတွင် ၂၀၀ကျပ်၊ ပြည်တွင် ၁၅၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် ပခုက္ကူတွင် ၅၀၀ကျပ်၊ ချင်းတစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀ကျပ်၊ ဆား တစ်ပိဿာလျှင် လွိုင်ကော်တွင် ၁၀၀ကျပ်၊ ပခုက္ကူတွင် ၅၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၂၀၀ကျပ်၊ ဘားအံနှင့် ပခုက္ကူတွင် ၅၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် လွိုင်ကော်တွင် ၃၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ပခုက္ကူတွင် ၂၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၀၀၀ကျပ်၊ ပုသိမ်တွင် ၅၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀၀ကျပ်၊ ဆိတ်သား တစ်ပိဿာလျှင် လားရှိုးတွင် ၂၀၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ကြက်သွန်နီ တစ်ပိဿာလျှင် ဘားအံတွင် ၇၀၀ကျပ်၊ မြိတ် နှင့် ပျဉ်းမနားတွင် ၁၀၀ကျပ်၊ နေပြည်တော်တွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ဘားအံတွင် ၅၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် ဘားအံတွင် ၁၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ် ၊ ချင်း တစ်ပိဿာလျှင် ပျဉ်းမနားတွင် ၄၀၀ကျပ် ၊ နေပြည်တော်တွင် ၂၀၀ကျပ် ၊ ဆား တစ်ပိဿာလျှင် ဘားအံတွင် ၁၀၀ကျပ် ၊ မန်ကျည်းသီး တစ်ပိဿာလျှင် မုံရွာတွင် ၂၀၀ကျပ် ၊ ပခုက္ကူတွင် ၅၀၀ကျပ် ၊ အာလူး တစ်ပိဿာလျှင် မော်လမြိုင်တွင် ၁၀၀ကျပ် ၊ ကြက်သား တစ်ပိဿာလျှင် ဘားအံနှင့် နေပြည်တော်တွင် ၁၀၀၀ကျပ်၊ ပျဉ်းမနားတွင် ၂၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# လှိုင်မြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျော့ချရေးနှင့် ဓာတ်အားပြည့်ဝစွာရရှိရေးတို့အတွက် ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လှိုင်မြို့နယ် အမှတ်(၃)ရပ်ကွက် ရတနာမွန်(၄)လမ်းနှင့် အေးရိပ်မွန် (၂)လမ်းထောင့်ရှိ ၁၁-၆.၆/၀.၄ ကေဗွီ၊ ၅၀၀ ကေဗွီအေ(ရတနာမွန် အလယ်) ထရန်စဖော်မာအား နွေရာသီ ဝန်အားပိုမိုသုံးစွဲချိန်တွင် ဓာတ်အားသုံးစွဲသူများ ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်စေရန် လှိုင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံး လက်ထောက်အင်ဂျင်နီယာ ဦးစီးအဖွဲ့က ဝန်အားမျှခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆၊ မြေကွက်အမှတ်-၁၂၀၊ မြေကွက်တည်နေရာအမှတ်(၁၂၀)၊ မိုးမခလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးရဲထွန်း(MYA-၁၄၂၅၂၇) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက်-ဦးရဲထွန်းမှ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မူရင်းမှာ ခြကိုက်ပျက်စီးနေသည်မှာ မှန်ကန်ပါကြောင်း အခြားသူတစ်ဦးတစ်ယောက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းထားခြင်းမရှိသည်မှာ မှန်ကန်ပါကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်မူရင်းပျက်စီးကြောင်း ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်ထောက်ခံချက်၊ ခြကိုက်ပျက်စီးဂရန်၊ ဦးရဲထွန်းထံမှ GP No-၁၀၀၈၀/၂၀၁၄ (၈-၄-၂၀၁၄)ဖြင့် ရရှိသူ ဦးခင်မောင်ရင်[၁၂/ဒဂတ(နိုင်)၀၁၇၄၄၅]မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် အထွေထွေကိုယ်စားလှယ်အား ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သီးခြားသတင်းစာတို့တွင်ကြော်ငြာခဲ့ရာ ကန့်ကွက်မှုမရှိပါသဖြင့် အမှုတွဲအမှတ် ဒဂမ/ဂရန်မိတ္တူ-၂၀၂၂၀၂၁၆၂၆/ ၂၂(၂၄-၈-၂၀၂၂)ဖြင့် ဂရန်မိတ္တူလျှောက်ထားခြင်းကိုခွင့်ပြုပြီးဖြစ်ပါသဖြင့် မြို့မြေစာရင်း(Town Land Roll)တွင် အမှုတွဲအမှတ်-ဒဂမ/စက်မှု/ဦးစီး/၁၂၆/၉၄ဖြင့် မူလဂရန်ထုတ်ပေးထားသည့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းစာအုပ်ကို ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် ဂရန်မိတ္တူခွင့်ပြုကြောင်း ကြော်ငြာလိုက်သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သန်လျင်မြို့နယ်၊ သန်လျင်ဆိပ်ကမ်းလမ်းတိုးချဲ့ရန် မိုင်တိုင် (အမှတ်၄/၃ မှ ၆ အထိ) အတွင်းလွတ်ကင်းမှုမရှိသော ၃၃ ကေဗွီ ကောင်းကင်ဓာတ်အားလိုင်းများ လွတ်ကင်းရာသို့ ရွှေ့ပြောင်းတည်ဆောက်ခြင်းနှင့် လိုင်းဟောင်းဖြုတ်သိမ်းခြင်း လုပ်ငန်းအတွက် (ပစ္စည်း + လုပ်အားခ)၊ ပုတ်ပြတ်(Turnkey)စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၈-၂-၂၀၂၃)ရက်နေ့မှစတင်ဝယ်ယူ၍သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၁၃-၃-၂၀၂၃)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

# အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်အား လူမှုဖူလုံရေးဥပဒေနှင့်အညီ ထုတ်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် အလုပ်ခွင်ထိခိုက်မှုကြောင့်သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ တိုင်းတာဝန်ခံအရာရှိက အလုပ်သမားဝန်ကြီးဌာန ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော My Baco Manufacturing Co.,Ltd. မှ အာမခံအလုပ်သမား ဦးကျော်သက်သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က တာဝန်ထမ်းဆောင်ရန် စက်ရုံသို့အလာတွင်လမ်းခရီး၌ယာဉ်မတော်တဆမှုဖြစ်၍ သေဆုံးခဲ့ခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေကျပ် ၄၃၂၀၀၀၀ ကို ဖခင်ဖြစ်သူ ဦးရင်ထွန်းထံသို့ အလုပ်ဌာနမှ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီ (WCC)အဖွဲ့ဝင်များရှေ့မှောက်တွင် ကျန်ရစ်သူအကျိုးခံစားခွင့်၊ ငွေလုံးငွေရင်းအကျိုးခံစားခွင့်များထုတ်ပေးကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ တလုပ်လပ် အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၇၉၊ မအူပင်ကွင်း)၊ ဦးပိုင်အမှတ် (၁၇/ ၁၀၄)၊ ဧရိယာ(၀.၀၉)ကေရှိမြေအား ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၅)လမ်း၊ အမှတ်(၁၀)နေ ဦးစိုးလွင်[၁၂/ဗဟန(နိုင်)၀၉၀ ၁၃၇]မှ မအူပင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံး၏ (၇-၃-၂၀၁၈)ရက်စွဲပါ စာချုပ်အမှတ်(၇/၂၀၁၈) လန(၃-ခ)ကျပြီး အိမ်ရာမြေ အရောင်းအဝယ်စာချုပ်ဖြင့် ဦးဝင်းတင်(၎င်း၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးမျိုးခိုင်)ထံမှ ဝယ်ယူ ၍ မြေငှားဂရန်အသစ်ရရှိရေးအတွက် လန(၃-ခ) ခွင့်ပြုမိန့်၊ လန(၃-ခ)ကျပြီး အိမ်ရာ မြေအရောင်းအဝယ်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့် ရက်မှ စ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှား ဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

# မအူပင်မြို့၌ ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲဆောင်ရွက်



**မအူပင် ဖေဖော်ဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကွန်စုကျေးရွာအုပ်စု တမံလေး ကျေးရွာ တောင်သူဦးဆန်းဇော်ဝင်း၏ ကွင်းအမှတ်(၈၂၈)တွင် ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက ဆောင်ရွက်သည်။

အဆိုပါ သရုပ်ပြပွဲသို့ မအူပင်ခရိုင် စက်မှုလယ်ယာစခန်း ခရိုင်တာဝန်ခံ ဦးသန်းဇော်ဦး၊ မြို့နယ်ဦးစီးဌာနမှူး ဦးငြိမ်းချမ်းမြင့်၊ ဦးစီးမှူး ဦးအောင်ကျော်မိုးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြအေးနှင့် ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

